## အပိုင်း(၁)

## ဝိညာဉ်တော်နှင့် အတူလျှောက်လှမ်းခြင်းကို ရယူခြင်း

### အခန်း (၁)

### နားထောင်ခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း

*ခမည်းတော်သည် သမ္မာတရားကို ပြသော ဝိညာဉ်တော်တည်းဟူသော တပါးသောဥပဒ္ဒေယ်ဆရာကို သင်တို့နှင့်အတူ အစဉ်မပြတ်တည်နေစေခြင်းငှါ သင်တို့အား ပေးတော်မူမည်။ ထိုဝိညာဉ်တော်ကို လောကီသားတို့သည် မသိမမြင်သောကြောင့် မခံမယူနိုင်ကြ။ ထိုဝိညာဉ်တော်သည် သင်တို့နှင့်အတူ တည်နေ၍၊ သင်တို့၌ ရှိတော်မူသောကြောင့် သင်တို့သိရကြ၏။*

ယောဟန် ၁၄း၁၆-၁၇

မကြာသေးခင်က ဘုရားသခင်သည် သင့်အား အဘယ်အရာများကို ပြောဆိုနေခဲ့ပါသနည်း။

သင့်တွင် ပျောက်ကွယ်မသွားဘဲ အမြဲအာရုံထဲရှိနေသော အတွေး သို့မဟုတ် ခံစားချက်အချို့ရှိပါသလား။ ဘုရားသခင်က သင့်ကို သတင်းစကားတစ်ခု ကြားပြောချင်သည်ဟု ထင်မြင်ချက် တစ်ခုရှိပါသလား။ သို့သော်လည်း အဘယ်အရာဖြစ်သည်ကို သင်သည် မသေချာ သို့မဟုတ် ထိုအရာကို လက်မခံနိုင် မယုံကြည်နိုင်ဘဲ ဖြစ်နေပါသလား။

သို့မဟုတ် အခြားတစ်ဖက်တွင် ဘုရားသခင်သည် သင့်အား စကား အမြောက်အများ ပြောဆိုမှု မရှိသကဲ့သို့ ခံစားသောကြောင့် စိတ်ဓါတ်ကျ၍ နေပါသလား။ သင်သည် ဆုတောင်း တောင်းလျှောက် စောင့်မျှော်နေသော်လည်း ရလဒ်မရှိဘဲ ဖြစ်နေပါသလား။ ဘာမျှအရာမထင် ဖြစ်နေပါသလား။ သင်သည် လမ်းညွှန်မှု အချို့ကို ရယူလိုသော်လည်း သင်၏ဆု တောင်းချက်များသည် မည်သည့် အကျိုးကိုမျှ မပေးသကဲ့သို့ ခံစားနေရပါသလား။

သင်သည် အခြားသူများကို လမ်းပြသွန်သင်ရန် ယုံကြည်ထားသော်လည်း ဝိညာဉ်ရေးရာတွင် သင့်ကိုယ်ကိုသင် မဦးဆောင်နိုင်ဘဲ အခက်အခဲ တွေ့ကြုံနေပါသလား။ သင်သည် ဘုရားသခင်၏ အကူအညီကို လိုအပ်နေသော်လည်း ထိုလိုအပ်မှုကို မရရှိသည်သာမကဘဲ ဘုရားသခင် သင့်အား မည်သည့်အရာကို ပြောဆိုနေသည်ကိုလည်း မသိနိုင်ဘဲ ဖြစ်နေပါသလား။

ရှေ့ဆက်ရမည့်လမ်းသည် အဘယ်နည်း။

## မိုက်(ခ်)၏ စိတ်ပျက်ခြင်း

သင်းအုပ်ဆရာ မိုက်(ခ်)[1]သည် သူ့အသင်းတော်ရှိ အသင်းသားများကို ချစ်သည်။ သို့သော် သူကိုယ်၌က ပျော်ရွှင်ခြင်းမရှိခဲ့ပါ။ ဝန်ထမ်းအများထဲမှ ငယ်ရွယ်သော အမှုတော်ဆောင် တစ်ဦးအနေဖြင့် အသုံးပြုခြင်းမခံရဘဲ ရည်ရွယ်ချက် ကျရှုံးသကဲ့သို့ အမြဲလိုလိုခံစားနေခဲ့သည်။ သူလုပ်ဆောင် ပြီးမြောက်လိုသောအရာ မြောက်များစွာ ရှိသော်လည်း ထိုမျှော်မှန်းထားသည့် နေရာကို ဘယ်တော့မှ ရောက်ရှိခြင်းမရှိခဲ့ပါ။ သူသည် ဘုရားသခင်မှ စေခိုင်းထားသော အရာများဖြင့် မိမိ၏အချိန်များကို ကုန်ဆုံးစေခဲ့သည်။ သို့သော်လည်း သူသည် မိမိတို့ လုပ်ဆောင်သော အရာများအတွက် သို့မဟုတ် ရလဒ်များအတွက် ကျေနပ်ရောင့်ရဲ ခြင်းမရှိခဲ့ချေ။ သူလုပ်ဆောင်ရန် စေခိုင်းထားသောအမှုသည် မည်သည့်အချိန်တွင် လုပ်ဆောင်နိုင်မည်နည်း။ အသင်းတော်သည် သူ့၌ရှိသော အတွေးအိပ်မက်တို့ကို မည်သည့်အချိန်တွင် လွတ်လပ်စွာ အကောင်အထည်ဖော်ဆောင်ခွင့် ပေးမည်နည်း။ သူသည် မည်သည့်အချိန်တွင် ချီးကျူးခံရပြီး များစွာသော တာဝန်များကို အပ်နှံခြင်းခံရမည်နည်း။

မိုက်(ခ်)သည် လမ်းညွှန်အားပေးမှုကို မခံယူခင်အချိန်တွင် သူသည် စိတ်ပျက်အားငယ် နေရပြီဖြစ်သည်။ အဘယ်ကြောင့် ဘုရားသခင်သည် သူ၏ ဆုတောင်းသံကို အဘယ်ကြောင့် နားမညောင်းသနည်း။ ဘုရားသခင်သည် သူ၏ သူဌေးအရာရှိအား ပြောင်းလဲစေပြီး သူ့အတွက် လုပ်ငန်းအခွင့်အလမ်း အသစ်များကို အဘယ်ကြောင့် မပြင်ဆင်ပေးသနည်း။ သူသည် အမှုတော်မြတ်အတွက် ခေါ်ထားခံရခြင်းနှင့် ပတ်သက်၍ သော်လည်းကောင်း၊ ဘုရားသခင်အပေါ် မိမိရဲ့ယုံကြည်စိတ်တို့ကို ပြန်လည်ပြီး မေးခွန်းထုတ်နေခဲ့ မိသည်။ သူသည် စိတ်ဓါတ်ရေးရာလည်း အလွန် ပျက်ဆီးလာခဲ့သည်။ ပိုမို၍လည်း ဒေါသထွက် စိတ်ဆိုးလာသည်။

သို့သော်လည်း၊ လမ်းညွှန်အားပေးမှုကို ခံယူသည့် ဖြစ်စဉ်တွင် မိုက်(ခ်)ပြန်လည် သတိရလာခဲ့သည်မှာ သူ့ကို စိတ်မပျော်ရွှင်စေသော အဓိကအကြောင်းရင်းမှာ အခြားသူများ မဟုတ်ဘဲ မိမိသာလျှင် တရားခံဖြစ်ကြောင်း ဖြစ်သည်။ ဘုရားသခင်၏ အသံတော်ကို မကြားနိုင်ခြင်းမှာလည်း ထိုဘုရားသည် တိတ်ဆိတ်နေသောကြောင့်မဟုတ်ဘဲ၊ သူ၏အ

[1] ကျွန်တော်သည် သင်းအုပ်ဆရာ မိုက်(ခ်)၏ ကိုယ်တွေ့ အကြောင်းအရာများကို သူ၏ ခွင့်ပြုချက်ဖြင့် တိုက်ရိုက် ဖော်ပြထားပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသော တစ်ဦးချင်းတို့၏ အကြောင်းအရာများ(သို့မဟုတ် အခြားသူများထံ တစ်ဆင့်ပြောပြထားသည့် အကြောင်းများ)သည် ကံယကံရှင်တို့၏ ခွင့်ပြုချက်ဖြင့် ဖော်ပြ အသုံးပြုထားခြင်းဖြစ်ပါသည်။ လူပုဂ္ဂိုလ်နာမည်ကို မျက်တောင်အဖွင့်အပိတ် စာကြောင်းဖြင့် ဖော်ပြထားပါက ထိုကာယကံရှင်၏ အမည်မှန်ကို ပြောင်းလဲခေါ်ဆို အသုံးပြုထားခြင်းဖြစ်သည်။ မိမိတို့၏ အမည်မှန်ကို ဖော်ပြရန် ခွင့်ပြုချက်ရရှိထားသော သူတို့၏ အမည်များကိုမူ မျက်တောင် အဖွင့်အပိတ်မသုံးဘဲ ဖော်ပြထားပါသည်။

တွင်းစိတ်ထဲတွင် သိထားသော အရာကို ဝန်ခံရန် ငြင်းဆိုနေခဲ့ခြင်းကြောင့် သာလျှင်ဖြစ်သည်။ အမှန်မှာ သန့်ရှင်းသော ဝိညာဉ်တော်သည် သူ့ကို စကားပြောနေခဲ့သည်။ တိုက်တွန်းလှုံ့ဆော်ခြင်းများကို ခံစားခဲ့ရသည်။ သို့သော်လည်း မိမိ၏ အလိုဆန္ဒနှင့် ဆန့်ကျင်ဘက်ဖြစ်နေသောကြောင့် ထိုအချက်ပြသည့်အရာများကို တစ်လွဲအဓိပ္ပါယ်ယူကာ မသိချင်ယောင်ဆောင်နေခဲ့သည်။ ဘုရားသခင်သည် မိုက်(ခ်)အား ကြီးမားပြီး ကြွယ်ဝသည့် ထိုဆင်ခြေဖုံး အသင်းတော်ကို စွန့်ပြီး ဘုရားသခင်က ပေးထားသည့် မြို့ပြအသင်းတော် လုပ်ငန်း စတင်ရန်ထားရှိသော အိပ်မက်များ နောက်ကို လိုက်ရန်အလိုရှိနေခြင်းဖြစ်သည်။ မိုက်(ခ်)သည် မိမိ၏ လက်ရှိ အသင်းတော်နှင့် အဆက်မဖြတ်သရွေ့ အပြောင်းအလဲ အတွက် စိတ်ပူပန်မှုတို့ကို လက်တွေ့ ရင်ဆိုင်မှုမပြုမချင်း နဂိုအခြေအနေတွင်သာ ဆက်လက်ရှိနေအုံးမည် ဖြစ်သည်။

## ရိုးရှင်းသောလမ်း- နားထောင်ခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း

ကျွန်တော်တို့၏ အစွမ်း "ဝိညာဉ်တော်နှင့် အတူလျှောက်လှမ်းခြင်း" (ဂလာ ၅း၂၅) ၏ အခြေခံကျသောအရာသည် ကျွန်တော်တို့အတွင်းရှိ ဘုရားသခင်၏ တိုးညင်းသော စကားပြောသံကို နားထောင်ခြင်း ဝိညာဉ်တော်၏ လှုံ့ဆော်မှုတို့ကို ပူးပေါင်းလုပ်ဆောင်ခြင်းကို မိမိဘဝ၏ နေ့စဉ် အသက်တာအဖြစ် အသက်ရှင်လျှောက်လှမ်းခြင်းဖြစ်သည်။ ဝိညာဉ်တော် ဦးဆောင်သည့် အသက်တာ ဆိုသည့်မှာ ဤအရာကို ဆိုလိုခြင်းဖြစ်ပြီး ကျွန်တော် တို့၏ နေ့စဉ်အသက်တာ၏ အခန်းကဏ္ဍအားလုံးတွင် အသုံးချနိုင်သည်။ ဤကဲ့သို့သော အသက်တာသည် မျက်လှည့် သို့မဟုတ် ကြုံတောင့် ကြုံခဲသော အံ့ဩစရာ မဟုတ်ပါ။ ထို အရာသည် ဖြောင့်တန်းပြီး သိမ်မွေ့ပြီး အလွန် လက်တွေ့ကျသောအရာဖြစ်သည်။ ဝိညာဉ် တော်နှင့် အတူလျှောက်လှမ်းခြင်းကို ကျွန်တော်တို့သည် ယခုအထိတိုင်အောင် သင်ယူကြ ရပါသည်။ သို့သော် ထိုအရာသည် ရှုပ်ထွေးသောကြောင့် သို့မဟုတ် အချို့သော ပညာတတ်သောသူ၊ ဆုကျေးဇူးရှိသူ၊ တို့အတွက်သာ သီးသန့်ဖယ်ထားသော အရာဖြစ်သောကြောင့် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဝိညာဉ်တော်၏ ဦးဆောင်ခြင်းသည် အလွန်သဘာဝကျပြီး ရိုးရှင်းသော အရာဖြစ်သောကြောင့် စိတ်ကူးယဉ်ဇာတ်လမ်းကဲ့သို့သော အရာတို့ကို ရှာနေလျှင်လွဲသွားနိုင်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သေးငယ်သော လှုံ့ဆော်မှုများကိုမူ အယုံအကြည်ကင်းကြပြီး မည်သည့်အခါမျှ ရရှိခံစားမည် မဟုတ်သော အရာတို့ကို သာလျှင် အပတ်တစ်ကုတ် ရှာဖွေနေကြပါသည်။

အခြားသော ကျွန်တော်တို့သည်လည်း ဝိညာဉ်တော်၏ ဦးဆောင်မှုနှင့် လွဲသွားနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုဝိညာဉ်တော်၏ ဦးဆောင်မှုကို မလိုလားကြသောကြောင့်ဖြစ်သည်။ ကျွန်တော်တို့ကို ခြိမ်းခြောက်နေသော အရာများကို သာနားထောင်ခြင်းသည် အလွန် ကြောက်မက်ဘွယ်ကောင်းပြီး နာကျင်စရာလည်းဖြစ်သည်။ ကျွန်တော်တို့သည် မိမိတို့၏ အသက်တာ၌ ချို့ယွင်းလိုအပ် နေသောအရာကို အရှိအတိုင်း ပြောဆိုခြင်း သို့မဟုတ် မိမိတို့အပြောင်းအလဲ မလုပ်ချင်သော အရာတစ်ခုကို ပြောင်းလဲရမည် ဆိုသည့် အတွေးတစ်ခု သို့မဟုတ် တစ်ခုခုကို မရင်ဆိုင်ချင်ကြ မခံနိုင်ကြပေ။ ထို့ကြောင့် ကျွန်တော်တို့၏ စိတ်သည် မိမိတို့ သိမြင်ခံစားနေရသော အရာတို့ကို မေးခွန်းထုတ်ခြင်း သို့မဟုတ် မေ့ပစ်ရန်အတွက် အချိန်ပေး လုပ်ဆောင်ရလိမ့်မည်။ တစ်စုံတစ်ခု သို့မဟုတ် တစ်စုံတစ်ဦးက ကျွန်တော်တို့၏မျက်စိကို ဖွင့်ကြည့်လိုက်ရန်၊ ကျွန်တော်တို့၏ စိတ်နှလုံးကို နားထောင်ရန် သို့မဟုတ် အမူအကျင့်ကို ပြောင်းလဲရန် ပြောနေပါသည်။ သို့သော် ပွင့်လင်းစွာပြောရမည်ဆိုလျှင် ကျွန်တော်တို့သည် ထိုအရာကို မလုပ်ဆောင်ချင်ကြ။ ဘုရားသခင်၏ ဦးဆောင်မှုကို သိမြင်ခွဲခြားရာတွင် အရေးကြီးကိစ္စများကို သေချာစွာ ချင့်ချိန်စဉ်းစားခြင်းသည် အမျှော်အမြင် ကြီးခြင်းဖြစ်ပြီး လိုအပ်သောအရာလည်းဖြစ်သည်။ သို့သော်လည်း အချို့သော ကျွန်တော်တို့သည် အာခံခြင်း၊ ခေါင်းမာခြင်း၊ လုံးလုံးပုန်ကန်ခြင်းတို့အတွက် ဟန်ဆောင် မျက်နှာဖုံးထက် မကသော ရှုပ်ထွေးသည့် စဉ်းစားတွေးခေါ်မှု တစ်ရပ်ကို ဖွံ့ဖြိုးစေခဲ့ကြသည်။

အဆုံး၌ အာခံခြင်းသည် ခြေကုန်လက်ပန်းကျခြင်း ကိုသာစေပြီး ဆန့်ကျင်ဘက်ရလဒ်ကို သာဖြစ်စေသည်။ ဤသို့ဖြင့် များစွာသော အင်အားများသည် မိမိတို့၏ အတွင်းထဲမှ အကြံပေးသည့် အသံထက် မိမိတို့၏ လုပ်ဆောင်မှုများ သို့မဟုတ် မိမိတို့၏ တွေးခေါ်မှုများကသာ ပိုမိုမှန်ကန်ကြောင်း ထုတ်ဖော်ပြသရာတွင်သာ ကုန်ခမ်းသွားကြသည်။ ဘုရားသခင်က စေခိုင်းမည့်အရာကို ကြောက်ရွံ့ခြင်းသည် ကျွန်တော်တို့၏ လုပ်နိုင်သည့် စွမ်းအားနှင့် နားထောင်လိုသည့် စိတ်ဆန္ဒကို ဟန့်တားစေသည်။ အသံတော်သည် မည်သည့် အရင်းအမြစ်မှ လာသည်ဖြစ်ပါစေ ကောင်းသော အတွေးတစ်ခု ဖြစ်ခဲ့ မည်ဆိုလျှင် ကျွန်တော်တို့သည် ထိုအရာကို ခုခံတွန်းလှန် ထားကြသည်။ ကျွန်တော်တို့ သည် ထုံးစံအတိုင်း ဝမ်းနည်းမှုကို ခံစားရသည်။ ကျွန်တော်တို့သည် အနားမရ၊ စိတ်ပျက် ခြင်း၊ စိတ်ဓါတ်ကျခြင်းနှင့် ယျေဘုယျအားဖြင့် ပျော်ရွှင်မှုကင်းမဲ့ခြင်းနှင့် အဆုံးသတ်ကြရ သည်။ အကယ်၍ ဝိညာဉ်တော်၏ အသံကို ပွင့်လင်းသော စိတ်နှလုံးနှင့် နားထောင်ခဲ့မည်ဆိုလျှင် ရလဒ်သည် လုံးဝတူညီမည် မဟုတ်ပါ။ သေချာစွာ နားထောင်ခြင်းသည် ကျွန်တော်တို့ ကြားဖို့ရန် လိုအပ်သော သမ္မာတရားကို ကြားနာစေမည်ဖြစ်သည်။

## သက်ဝင်လှုပ်ရှားသော ဘုရားသခင်နှင့် ပေါင်းသင်းဆက်ဆံခြင်းထဲတွင် နားထောင်ခြင်းရှိသည်။

ကျွန်တော်တို့သည် ဘုရားသခင်၏ အသံတော်ကို ကြားနာရန် နားမကြားသော သူများဖြစ်ပါလေစေ သမ္မာကျမ်းစာ၏ သွန်သင်ချက်က ကျွန်တော်တို့ အားလုံးသည် ဘုရားသခင်၏ စကားတော်ကို နားထောင်ရန်အတွက် ခေါ်ထားခြင်း ခံရသောသူများ ဖြစ်ပြီး ထိုခေါ်သံကို ဆီလျော်စွာ တုံ့ပြန်ကြရမည် ဖြစ်ကြောင်း ရှင်းလင်းပြတ်သားစွာ ဖော်ပြထားပါသည်။ ယုံကြည်သူများသည် ဘုရားသခင်၏ စကားတော်ကို "ကြားနာခြင်း" သို့မဟုတ် "နားထောင်ခြင်း" ရှိစေရန်အတွက် ဟေဗြဲကျမ်းနှင့် ဓမ္မသစ်ကျမ်းတို့ရှိ ရာနှင့်ချီသော ကျမ်းချက်တို့တွင် ထပ်ခါတစ်လဲလဲ အတည့်အလင်းသော်ငှင်း သွယ်ဝိုက်၍သော်ငှင်း ဖော်ပြထားပါသည်။ ထိုသို့ခေါ်ထားရာတွင် ပုံမှန်အားဖြင့် ပရောဖက် သို့မဟုတ် ဆရာဖြစ်သူသည် ဘုရားသခင်၏ အလိုတော် သို့မဟုတ် ယုံကြည်သူများ လိုက်လျှောက်ရန်အတွက် သွန်သင်ပဲ့ပြင်ခြင်းတို့ ကို ဖော်ပြတော့မည် ဆိုသည်ကို အချက်ပေး ညွှန်ပြနေသည်။

အရေးပါသော ဥပမာတစ်ခုအနေဖြင့် ဟေဗြဲစကားလုံးဖြစ်သည့် *"shema"* ခေါ် "နားထောင်လော့" ဆိုသည့် စကားလုံးသည် အလွန်အရေးပါသည့် ဓမ္မဟောင်းကျမ်းတို့တွင် ဖော်ပြပါရှိကြောင်း တွေ့ရှိရပါသည်။ ထိုစကားကို အစဉ်အလာအရ *shema*[2] ဟု သိထားကြသည်။ "အိုဣသရေလအမျိုး၊ နားထောင်လော့။ ငါတို့၏ ဘုရားသခင် ထာဝရဘုရားသည် တဆူတည်းသော ထာဝရဘုရားဖြစ်တော်မူ၏။ သင်၏ ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့် ချစ်လော့။" (တ ရားဟော ၆း၄-၅) ဤကျမ်းချက်များသည် ယုဒ-ခရစ်ယာန်ယုံကြည်ကိုးကွယ်မှု တို့အတွက် အခြေခံကျသော အစဉ်အလာဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ထိုကျမ်း ချက်တို့သည် ဣသရေလလူမျိုးတို့ ယုံကြည်ကိုးကွယ်သော တစ်ဆူတည်းသော ဘုရားရှိကြောင်း၊ ဘုရားသခင်အား မိမိတို့၏ အစွမ်းရှိသမျှဖြင့် ချစ်ရန် ပညတ်တော်ကို ဖော်ပြ ထားပြီး နောက်တွင် ထိုချစ်ခြင်းကို ပညတ်တော်အားလုံးတို့၏ အချုပ်အခြာအဖြစ် သခင်ယေရှု ကခေါ်ဆိုထားသည်[3]။ ဤနေရာတွင် အရေးပါသော အချက်များတွင် ပထမအချက်အဖြစ် သွန်သင်ချက်တွင် ဘုရားသခင်၏ စကားတော်ကို "နားထောင်ရန်" ခေါ်ဆိုထားချက်ပါဝင် ပြီး ၎င်းသည် နောက်တွင် ဖော်ပြထားသည့် အကြောင်းအရာအတွက် နိဒါန်းပျိုးခြင်းသက်

---

[2] တရားဟော ၆း၄၊ ဤစကားလုံးကို တရားဟော ၄း၁၊ ၅း၁၊ ၆း၃နှင့် ၉း၁ တို့တွင်လည်း တွေ့ရပါသည်။

[3] သမ္မာကျမ်းစာ၏ ရေခံမြေခံ အကြောင်းအရာတွင် တရားဟောရာကျမ်းတွင် ဖော်ပြထားသော ပိညတ်တော်ဆယ်ပါးသည် *shema* ခေါ် နားထောင်လော့ ဟုခေါ်သော စကားအားဖြင့် တည်ဆောက်ထားသည်။ ဟေဗြဲလူမျိုးတို့၏ ရိုးရာထုံးတမ်းဓလေ့တွင် *shema* သည် ဂျူးလူမျိုးတို့အတွက် အလွန်အရေးပါသော ယုံကြည်ခြင်း၏ အာပတ်ဖြေ ဝန်ခံခြင်းတစ်ရပ်ဖြစ်သည့် နံနက်နှင့် ညနေဆုတောင်းခြင်းကိုလည်း ဖြစ်စေသည်။ ယေရှု၏ ချစ်ခြင်းမေတ္တာနှင့်ပတ်သက်၍ အနှစ် ချုပ်သွန်သင်ခြင်းကို ခရစ်ဝင်ကျမ်းများဖြစ်သည့် (မဿဲ ၂၂း၃၇၊ မာ ၁၂း၃၀၊ လု ၁၀း၂၇)တို့တွင် ဖော်ပြထားပါသည်။ အခြားသော ဓမ္မသစ်ကျမ်းများတွင် ဘုရား သခင်ကို သိသောသူနှင့် ခရစ်တော်၏ နောက်လိုက်တို့၏ အမှတ်အသားအဖြစ် ချစ်ခြင်းမေတ္တာသည် အလွန်အရေးပါသော အရာဖြစ်ကြောင်း သွန်သင်ချက်ကို (ယော ၁၃း၃၄၊ ၁ယော ၄း၂၁) တို့တွင် တွေ့ရသည်။

သက်မဟုတ်ပါ။ ဘုရားသခင်၏ စကားတော်ကို နားထောင်ခြင်းဆိုသည်မှာ ဘုရားသခင်နှင့် မှန်ကန်သော ပေါင်းသင်းဆက်ဆံမှုကို တည်ဆောက်ခြင်း ဖြစ်သည်။ ကျန်ရှိသည့် ထပ်တူထပ်မျှ အရေးကြီးသော ဒုတိယအချက်မှာ တစ်စုံတစ်ဦးသည် ဘုရားသခင်၏ အလွန်အရေးကြီးသော သတင်းစကားကို နားထောင်သောအခါ လုပ်ဆောင်ရမည့်အရာမှာ ချစ်ခြင်းမေတ္တာနှင့် နားထောင်ခြင်းဖြစ်သည်။ ဝိညာဉ်တော် ဦးဆောင်သော နောက်လိုက်များဖြစ်သည့် အားလျှော်စွာ ဝိညာဉ်တော်သည် ဘုရားသခင် သို့မဟုတ် အခြားသူများအပေါ် ထားရှိသည့် ကျွန်တော်တို့၏ ချစ်ခြင်းမေတ္တာကို ဖော်ပြရန်အတွက် အကြိမ်ကြိမ် ဦးဆောင်နေခြင်းကို ကြုံတွေ့ရ မည်ကိုလည်း မျှော်လင့်ထားရပါမည်။ ကျွန်တော်တို့၏ အဓိကျသော လုပ်ဆောင်ရမည့်အလုပ်မှာ နားထောင်ခြင်းဖြစ်ပြီး ချစ်ခြင်းမေတ္တာ၏ လှုံ့ဆော်မှု နောက်လိုက်ရန်သာဖြစ်သည်။

### ဘုရားသခင်ကို နားထောင်ခြင်းဆိုသည်မှာ ယေရှုနှင့် သန့်ရှင်းသော ဝိညာဉ်တော်ကို နားထောင်ခြင်းဖြစ်သည်။

ဓမ္မသစ်ကျမ်းမှ စတင်၍ ယေရှုခရစ်တော်သည် ကျွန်တော်တို့ နားထောင်ရမည့်သူဖြစ်လာသည်။ သခင်ယေရှုသည် ဘုရားသခင် ကိုယ်တော်တိုင်၏ ဗျာဒိတ်တော်၏ အလယ်ဗဟိုတွင် ရပ်တည်နေပြီး ကောင်းမြတ်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့် မှန်ကန်ခြင်း အားလုံးဖြစ်သည်။ ယေရှု ရေနှစ်ခြင်းမင်္ဂလာကို ခံယူစဉ်တွင် ကောင်းကင်က "ဤသူသည် ငါရွေးကောက် ထားသော ငါ့သားဖြစ်၏ သူ့ကို *နားထောင်ကြပါ* " ဟုဆို၏ (လု ၉း၃၆)။

ရှင်ယောဟန် ခရစ်ဝင်ကျမ်းတွင် သခင်ယေရှုသည် မိမိကိုယ်ကို ကောင်းသော သိုးထိန်း နှင့် တံခါးဝဖြစ်ပြီး သူ၏သိုးတို့သည် "သခင်၏ စကားသံကို နားထောင်၏" ဟုဆိုထားပါသည် (၁၀း၃)။ သခင်ယေရှုက သူ၏သိုးခြံမှ မဟုတ်သော အခြားသော သိုးတို့သည်လည်း "သူ့စကားကို နားထောင်၏" ဟုဆိုထားပါသည် (၁၀း၁၆)။ ယေရှုအား ပိလတ်မင်းက မေးမြန်းသောအခါ "သမ္မာတရားနှင့် စပ်ဆိုင်သောသူအပေါင်းတို့သည် ငါ့စကားကို နားထောင်ကြ၏" ဟုဖြေ ဆိုထားပါသည် (၁၈း၃၇)။

ယေရှုဘုရားရှင်ပြန်မြောက်သွားပြီးနောက် ယုံကြည်သူတို့၏ နေ့စဉ်အသက်တာတွင် လမ်းပြညွှန်ပေးရန် သန့်ရှင်းသော ဝိညာဉ်တော်က အစားထိုးနေရာယူထားပြီဖြစ်သည်။ ယေရှုဘုရား မသေမီအချိန်တွင် သမ္မာတရားကို ပြသော ဝိညာဉ်တော်ကို စေလွှတ်တော်မူမည့်အကြောင်း "သန့်ရှင်းသော ဝိညာဉ်တော်ဘုရားသည် သင်တို့အား ခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသော စကားတို့ကို မှတ်မိစေသောဉာဏ်ကို

ပေးလိမ့်မည်” ဟုဆိုထားပါသည် ( ယော ၁၄း၁၇၊ ၂၆)။ ဆိုလိုချင်သည့်အရာမှာ ခရစ်တော်၏ တပည့်တော်များသည် ဘုရားသခင်စေလွှတ်မည့် ထိုဝိညာဉ်တော်၏ အသံတော်ကို သေချာစွာဖြင့် နားထောင်ရန် လိုအပ်နေခြင်းဖြစ်သည်။

သခင်ယေရှုသည် အထက်ခန်းတွင် တပည့်တော်များနှင့် ကြာမြင့်စွာ စကားပြောဆိုပြီး သည့်နောက်တွင် တပည့်တော်တို့၏ အသက်တာတွင် လုပ်ဆောင်မည့် ဝိညာဉ်တော်၏ အရေးပါသော အခန်းကဏ္ဍကို ပြန်လည်ပြောကြားခဲ့သည်။

သင်တို့အား ငါပြောစရာအများရှိသော်လည်း၊ သင်တို့သည် ယခုမခံနိုင်ကြ။
သမ္မာတရားနှင့် ပြည့်စုံသော *ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ သမ္မာတရားကို သင်တို့အား အကြွင်းမဲ့ သွန်သင်ပြလိမ့်မည်*။ ထိုဝိညာဉ်တော်သည် ကိုယ်အလိုအလျောက် ဟောပြောမည်မဟုတ်။ ကြားသမျှတို့ကို ဟောပြောလိမ့်မည်။ နောက်လာလတ္တံ့သောအရာတို့ကိုလည်း သင်တို့အား ဖော်ပြလိမ့်မည်။ ထိုသူသည် ငါ့ဘုန်းကို ထင်ရှားစေလိမ့်မည်။ အကြောင်းမူကား၊ ငါနှင့်စပ်ဆိုင်သောအရာကို ယူ၍ သင်တို့အား ဘော်ပြလိမ့်မည်။ ခမည်းတော်နှင့် စပ်ဆိုင်သမျှသည် ငါနှင့်စပ်ဆိုင်၏။ ထိုကြောင့် ငါနှင့်စပ်ဆိုင်သောအရာကိုယူ၍ သင်တို့အား ဘော်ပြလိမ့်မည်ဟု ငါပြော၏ (ယော ၁၆း၁၂-၁၅)။

သခင်ယေရှုက ထိုသန့်ရှင်းသော ဝိညာဉ်တော်၏ တာဝန်အခန်းကဏ္ဍမှာ သူ့နောက်လိုက်များကို အချိန်တိုင်း အသစ်သော သမ္မာတရားထဲသို့ ပို့ဆောင်လမ်းညွှန်ပေးရန် ဆိုလိုနေခြင်းမဟုတ်ပါ။ သို့သော်လည်း ယေရှုမြေကြီးပေါ်တွင် အမှုတော်ဆောင်ခဲ့စဉ်တွင် သူ၏တပည့်တော်များ သဘောပေါက် နားမလည်ခဲ့သည့် သူမည်သူမည်ဝါဖြစ်ခြင်းနှင့် သူခံယူခဲ့သော ဝေဒနာသည် လူသားအားလုံးကိုယ်စား ဖြစ်ခြင်းအရာများကို နားလည်လက်ခံနိုင်ရန်အတွက် ကူညီခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် ကျန်တစ်ဖက်တွင် ဝိညာဉ်တော်သည် ယနေ့အထိတိုင် အကြောင်းအရာ ဘာသာရပ် အားလုံးနှင့်ဆိုင်သော အမှန်တရားတို့ကို ဖော်ပြသော အရင်းအမြစ်အဖြစ် မထင်မှတ်သင့်ပါ။ ရှင်ယောဟန် အခန်းကြီး(၁၆)တွင် ဖော်ပြထားသော ဝိညာဉ်တော် ဆိုင်ရာ ကတိတော်များသည် ရှေးဦးစွာ သခင်ယေရှု လက်ဝါးကပ်တိုင်ပေါ် အသေခံခြင်းနှင့် ချီးမြှောက်ခြင်းခံခဲ့သော အကြောင်းကို အဓိပ္ပါယ်ရှိရှိ ဟောပြောမည့်သူ၏ တပည့် တော်များအတွက်ဖြစ်သည်[၄]။ တစ်ချိန်တည်းမှာပင် သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့၏ ဦးနှောက် အသိဉာဏ်ကို ဖွင့်ပေးခြင်း၊ အတိတ်က အကြောင်းအရာများကို ပြန် လည် သတိရစေခြင်း၊ တပည့်တော်ဖြစ်ခြင်းနှင့် ပတ်သက်၍ သမ္မာတရားအပေါ် တည့်တည့်ချိန်ရွယ်ပေးသည့် ဘုရားသခင်၏ တန်ဆာပလာဖြစ်သည်။ ထိုအကြောင်း အရာသည် သန့်ရှင်းသော ဝိညာဉ်

4 Levison, *Inspired, 150.*

တော်၏ လုပ်ဆောင်မှုကို ဖော်ပြပြီး၊ ထို လမ်းပြညွှန်မှုသည် တမန်တော်များ အတွက်သာ လျှင်မဟုတ်ဘဲ ဝိညာဉ်တော်နှင့် အဆက်အသွယ်ပြုသောသူတိုင်း အတွက်လည်းဖြစ်သည်။ အချုပ်အားဖြင့် ပြောရလျှင် ဝိညာဉ်တော်က စကားပြောသောအခါ ကျွန်တော်တို့နှင့် ဘုရားသခင်၏ ပေါင်းသင်းဆက်ဆံခြင်း၊ ခရစ်တော်၏ ပုဂ္ဂိုလ်ဖြစ်ခြင်းနှင့် သူ၏လုပ်ဆောင်မှုနှင့် ခရစ်တော်၏ နောက်လိုက်ဆိုသည် မှာအဘယ်အရာဖြစ်ခြင်းနှင့် ပတ်သက်၍ အရေးပါသော သမ္မာတရားတို့ကို ကြားနာရန်အတွက် အမြဲမျှော်လင့်ထားသင့်သည်။

## ယနေ့ ဘုရားသခင်အား နားထောင်ခြင်း

သမ္မာတရားကို မည်သည့်ပုံစံဖြင့်မဆို ဖော်ပြခံရခြင်းကို ကြားသိခြင်းသည် ဝိညာဉ်တော်၏ အသံတော်ကို မှတ်မိကြားသိခြင်းအတွက် အဓိကကျသော သော့ချက်ဖြစ်ပြီး၊ ပူးပေါင်းဆောင်ရွက်ခြင်းဆိုသည်မှာ ကျွန်တော်တို့ လက်ခံ ကြားသိရသော သမ္မာတရားကို လက်ခံပြီး ထိုအတိုင်း လုပ်ဆောင်ခြင်းဖြစ်သည်။ များစွာသောသူတို့သည် သာမန်ထက် ထူးခြားသော ဝိညာဉ်တော်၏ စကားပြောခြင်း ရှိခဲ့သော်လည်း သာမန်အားဖြင့် ထိုကြားနိုင်သော အသံအားဖြင့် ကျွန်တော်တို့ကို စကားပြောလေ့မရှိပါ။ ဥပမာအားဖြင့် “ကော်နီ” သည် စီးပွါးရေးလောကတွင် အလွန်အောင်မြင် ကျော်ကြားသောသူဖြစ်ပြီး သူမသည် ကမ္ဘာနှင့်အဝှမ်း အလွန်အရေးကြီးပြီး စိတ်ဝင်စားစရာကောင်းသော လုပ်ငန်းများကို လုပ်ဆောင်ကာ တစ်နှစ်လျှင် အမေရိကမှစ၍ ဥရောပတစ်လျှောက်လုံး မိုင်ပေါင်း ၈၅၀၀၀ ခရီးသွားလာနေသူဖြစ်သည်။ သူမသည် သူမ၏အလုပ်ကို အလွန်နှစ်သက်သောသူဖြစ်ပြီး ဘုရားသခင်က သူမအား “အိမ်ပြန်ပါတော့” ဟုပြောသောအသံကို ကြားခဲ့ရသည့် အချိန်ထိ အခြားအရာကို စိတ်ဝင်စားလေ့မရှိခဲ့။ ထိုအချိန်တွင် သူမသည် သူမသွားလာနေရသည့် ခရီးရှည်အတွက် စိတ်အလိုမကျမှု ခံစားနေခဲ့ရသော အချိန်လည်း ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် သူမကို အိမ်တွင် အလိုရှိသည်ကို လက်တို့ပြီး ခေါ်နေခဲ့သည်။ သို့သော်လည်း သူမ စီးပွါးရေးလုပ်ငန်းအတွက် ခရီးပြုရင်း ဟိုတယ်ခန်း တစ်ခုတွင် သူမအား အိမ်ပြန်ရန် ပြောကြားခဲ့သည့် စကားသံသည် သူမအတွက် အလွန် အရေးပါသော အချက်ဖြစ်သည်။ သူမ ကြားခဲ့ရသော သတင်းစကားအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်သည် သူမ လုပ်ဆောင်နေသောလုပ်ငန်းကို ရပ်နားပြီး မိမိ၏အိမ် မိမိ၏ မိသားစုနှင့် အတူနေရသည့် အပြောင်းအလဲကို လုပ်ဆောင်ရန် ပို့ဆောင် လမ်းပြနေသည့် ဆိုသည့်အရာကို အတည်ပြုခြင်းခံခဲ့ရသည်။ သူမ၏ အသက်တာတွင် အလုပ်ထွက်ရမည်လား မထွက်ဘဲ ဆက်လက်လုပ်ရမည်လားဆိုသည့် ဘုရားသခင်၏ အလိုတော်နှင့် နပန်း

လုံးနေခဲ့ရသည့် နာကျင်မှုအတွေ့အကြုံကို လပေါင်းများစွာခံစားခဲ့ရသည်။ သူမကိုအကျိုးဖြစ်စေသော ထိုအလုပ်ကိုမစွန့်ချင်သော်လည်း ဘုရား၏ စကားကို နားခံချင်ခဲ့သည်။

ကျေးဇူးတော်ကြောင့် သူမ၏ ခင်ပွန်းသည်နှင့် အခြားသော ရင်းနှီးသော မိတ်ဆွေများက သူမ၏ ဝေခွဲမရဘဲ ဆုံးဖြတ်ချက်ချရန် လုပ်ဆောင်နေသည့် တစ်လျှောက်လုံးတွင် စစ်မှန်သော မိတ်ဆွေများ၏ လုပ်ရိုးလုပ်စဉ်အတိုင်း ကူညီဖေးမခဲ့ကြသည်။ ဤနေရာတွင် ထူးခြားသော ဖော်ပြချက်တစ်ခုမှာ တစ်စုံတစ်ဦးသည် ဘုရားသခင်၏ အသံတော်ကို ကြားသည် ဆိုသည့် အရာမှာ အ လွန်ဖြစ်ခဲသော အရာဖြစ်သောကြောင့် သူမသည် ထိုအသံတော်ကို နားထောင်သင့် သ လား ဟူသော အရာပင်ဖြစ်သည်။ နောက်ဆုံးတွင် သူမ လက်လျှော့ပြီး ပြောသည့်အတိုင်း ခံယူခဲ့သည်။ ဘုရားကို မည်သို့ “ဟုတ်ကဲ့” ထူးရန် လိုအပ်သည့်အရာများကို အခြားသော မိတ်ဆွေများထံမှ ခံယူရရှိခဲ့သည်။ များမကြာမီ အချိန်တွင်ပင် ထိုသို့လုပ်ဆောင်ရန်အတွက် အခွင့်အရေး ရောက်ရှိလာကာ ထိုအခွင့် အရေးကို ချက်ချင်းလက်ဦးမှု ရယူခဲ့သည်။

သူမ၏ လုပ်ရပ်ကြောင့် သူမ၏ အလုပ်ရှင်သည် တုန်လှုပ်သွားခဲ့သည်။ သူမ၏ခင်ပွန်းသည်မှာ ဝမ်းမြောက်ခြင်းနှင့် လွှမ်းခြုံလျှက် ဒူးထောက်ပြီး ကျေးဇူးတင်မဆုံးဖြစ်ခဲ့သည်။ သူမ၏ ကလေးများလည်း ပျော်မြူး၍နေခဲ့ပြီး ကော်နီမှာ အံ့သြမိန်းမောနေခဲ့သည်။ သူမအိမ်တွင် ရှိနေလျှင်ပျော်နေသည့် သူမ၏ ဆယ်ကျော်သက်ရွယ် သားသမီးများနှင့် ခင်ပွန်းသည်ကလွဲပြီး သူမသည် မိမိကို မည်သည့်အရာက ထိမှန်သွားသည်ကို သေ ချာစွာ မသိလိုက်ရ။ အိမ်တွင် တစ်နေ့လုံး မည်သည့်အရာ လုပ်ရမည်ကိုမသိ။ ဘုရားက အိမ်သို့ပြန်ခေါ်ခြင်းသည် အကြောင်းတစ်ခုခုတော့ရှိမည်။ သို့သော် ထိုအကြောင်းရင်းသည် အဘယ်အရာနည်း။

ခြောက်လအကြာတွင် အဖြေထွက်ခဲ့သည်။ သူမ၏ မိခင်သည် လေဖြတ်ခြင်းဝေဒနာကို အကြီးအကျယ်ခံစားရပြီး နေ့တိုင်းသူမ၏ အကူအညီကို လိုအပ်နေခဲ့သည်။ အကယ်၍ သူမအလုပ်ကိုသာ ဆက်လုပ်နေပြီး မိခင်ဖြစ်သူ လေဖြတ်ခံရမှ အလုပ်ထဲက ထွက်ခဲ့မည်ဆိုလျှင်၊ သူမ၏မိခင်ကို စိတ်ပျက်စေမိမှာ သေချာသည်။ ဝိညာဉ်တော်၏ ခေါ်ခြင်းကို နားထောင်ပြီး အချိန်မီ ပူးပေါင်းလုပ်ဆောင်ခြင်းကြောင့် သူမမိခင် လိုအပ်နေသည့်အချိန်တွင် အသင့်ရှိပြီး ကူညီရသည်သာမကဘဲ ထိုသို့ကူညီရခြင်းအတွက် ကျေးဇူးတင် ဝမ်းသာပြီး ငြိမ်းချမ်းမှုကို ခံစားခဲ့ရသည်။

သင်သည် ကော်နီကဲ့သို့ ဘုရား၏ စကားသံကိုကြားခြင်းမျိုး သို့မဟုတ် အခြားသူများကဲ့သို့ ဘုရားကအိပ်မက်ရူပါရုံများဖြင့် စကားပြောဆိုခြင်းမျိုးကို တစ်ခါမျှမကြုံဖူးခြင်း

ဖြစ်နိုင်သည်။ သို့သော် သင့်အသိစိတ်ထဲတွင် ဘုရားသခင်၏ တိုးညှင်းသောစကားသံကို အသက်တာ တစ်လျှောက်လုံး ထပ်ခါတစ်လဲလဲ ကြားနိုင်ရန်အတွက် ဧကန်မျှော်လင့်ထား ရန် လိုအပ်ပါသည်။ ဤအသံ တော်သည် သင့်ကို ပညာ၊ လမ်းပြညွှန်မှု၊ သတိပေးခြင်း၊ စိတ်လှုံ့ဆော်မှု၊ ပြန်လည် စိတ်ချ မှုပေးခြင်း၊ နှစ်သိမ့်မှုနှင့် အခြားသော အသင်းဝင်တို့၏ ဝိညာဉ်တော် ဦးဆောင်သည့် အသက်တာလမ်းခရီးတွင် လိုအပ်သော သတင်းစကားများ ကိုပေးသည်။ ခရစ်ယာန်အတွေးခေါ်ပညာရှင်၊ တက္ကသိုလ် ပရော်ဖက်ဆာနှင့် စာရေးဆရာ လည်းဖြစ်ပြီး သေဆုံးသွားလေပြီဖြစ်သော ဒါးလဒ်ဝီးလတ်က "လူတစ်ဦးချင်းစီတိုင်း တွေ့ကြုံကြားသိခဲ့ရသော ဘုရားရှင်၏ အသံတော်များထဲမှ ဖြည်းညင်းပြီး သေးငယ်သော အသံတော်သည် ကျန်သောအရာအားလုံးထက် သာ၍ကြီးမားပြီး အကန့်အသတ်မရှိသော အခန်းကဏ္ဍတစ်ရပ် ဖြစ်သည်" ဟု လေးနက်စွာ တိုက် တွန်းခဲ့ဖူးသည်[၅]။

တစ်စုံတစ်ခုက ကျွန်တော်တို့၏ ဂရုစိုက်ခြင်းကိုရယူနေသည်။ တစ်စုံတစ်ယောက် သောသူက ကျွန်တော်တို့ ကြားနာရန် လိုအပ်သည့် သတင်းစကားကို ဆက်သွယ်ပြောဆို နေသည်။ သို့မဟုတ် ကျွန်ုပ်တို့အတွင်းစိတ်ထဲတွင် အချို့သောအရာများကို တစ်နေရာ မဟုတ် တစ်နေရာသို့ ရွှေ့လျားရန် လှုံ့ဆော်ပေးနေသကဲ့သို့ ခံစားရသည်။ လှုံ့ဆော်သည့် နည်းလမ်းသည် ပုဂ္ဂိုလ်၊ အခြေအနေများနှင့် လိုအပ်မှုအပေါ်မူတည်၍ ကွဲပြားမှုရှိနိုင် သည်။ သို့သော် မည်သို့သော နည်းလမ်းဖြင့် ဆက်သွယ်ပြောဆိုပါစေ အများအားဖြင့် ခေါ်ဝေါ်သမုတ်ခြင်းခံသော အရာမှာ သမ္မာတရားဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော် ထံမှ လာသော စကားလုံးတိုင်းတွင် သမ္မာတရားနှင့် ပတ်သက်သည့် ကွင်းဆက်ရှိသည်။ အကယ်၍ အစပိုင်းတွင် ထိုသို့သောအရာကို မတွေ့ရသော်လည်း နောက်ပိုင်းတွင် တွေ့မြင်ရလိမ့်မည်။

အသင်းတော် စတင်၍ ပေါက်ဖွားလာသောနေ့မှ စတင်၍ ခရစ်တော်၏ နောက် လိုက်တို့သည် ဘုရားသခင် ပြောဆိုသော ထိုသမ္မာတရားကို နှုတ်ကပတ်တော် ဖတ်ကြား ခြင်း၊ သင်ကြားခံယူခြင်းနှင့် ဟောပြောသွန်သင်ခြင်းတို့မှ ခံစားသိမြင်လာခဲ့ကြသည်။ ကျွန် တော်တို့သည် ဓမ္မဟောင်း ပရောဖက်များနှင့် ဓမ္မသစ် တမန်တော်များတို့၏ ရေးသားထား သည့် သမ္မာတရားတို့ကို နားထောင်ကြပြီး ကြားသိရသော ထိုသမ္မာတရားကို သက်ဝင်ယုံ ကြည်နိုင်ရန်အတွက် သန့်ရှင်းသော ဝိညာဉ်တော်ကို အားထားကြရသည်။ ရှင်ပေါလုသည် ကောရိန္သုရှိ ယုံကြည်သူများကို ရှင်းပြရာတွင် သူတို့၏ ယုံကြည်ခြင်းသည် ကျွမ်းကျင် သော ဟောပြောမှု သို့မဟုတ် ငြင်းခုံမှုတို့ကြောင့် မဟုတ်ဘဲ သန့်ရှင်းသော ဝိညာဉ်တော် ၏ တန်ခိုးတော်နှင့် သက်သေထူမှုကြောင့်ဖြစ်သည် ဟုဆို၏။ ထိုသို့ဆိုရာတွင် သူသည် သူ

[5] Willard, *Hearing God,* 115.

လုပ်ဆောင်ခဲ့သည့် အံ့ဘွယ် နိမိတ်လက္ခဏာများကို ဆိုကောင်းဆိုလိမ့်မည်။ သို့သော် သူတို့၏ အတွင်းထဲတွင် သန့်ရှင်းသော ဝိညာဉ်တော်က သက်ဝင် ယုံကြည်စေသည့် အရာကိုလည်း ပြောဆိုနေခြင်းဖြစ်သည်။ ရှင်ပေါလု၏ ရေခံမြေခံအခြေအနေကို ပြောရမည်ဆိုလျှင်၊ ထိုအချိန်ရှိ အတွေးအခေါ် ပညာရှင်များနှင့် ဂျူးဘာသာရေး ခေါင်းဆောင်တို့သည် ထပ်မံ ရှင်းပြစရာမလိုသော သမ္မာတရားများ၊ သူတို့၏ ရိုးရာအစဉ်အလာများ သို့မဟုတ် မိမိတွေး ခေါ်သောအရာကို သက်သေပြနိုင်သည့် သမ္မာတရားတို့ကိုသာလျှင် အားထားမှု ပြုကြပြီး ခရစ်တော်၏ ကယ်တင်ခြင်းသတင်းကောင်းကို မိုက်မဲမှုအဖြစ် ငြင်းပယ်ခဲ့ကြသည်။ သို့သော်လည်း ကယ်တင်ခြင်း သတင်းကြားနာရသည့် ဖြစ်စဉ်တွင် သန့်ရှင်းသော ဝိညာဉ်တော်ကို တွေ့ကြုံခံစားခဲ့သောသူတို့သည် ယုံကြည်သူများဖြစ်လာပြီး ခရစ်တော်၏ နောက်တော်လိုက်များ ဖြစ်လာခဲ့ကြသည်[6]။ ထိုနည်းတူစွာ၊ ပေါလုက သက်သာလောနိတ်ရှိ ခရစ်ယာန်တို့ကို စာရေးပို့ရာတွင် "ငါတို့ဟောပြောသော ဧဝံဂေလိတရားသည် သင်တို့၌ စကားသက်သက် ဖြစ်သည်မဟုတ်။ တန်ခိုးနှင့်သော်၎င်း၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ၎င်း ဝိစိကိစ္ဆာမရှိဘဲ အမှန်သိခြင်းနှင့်၎င်း ပြည့်စုံသော တရားဖြစ်၏" (၁သက် ၁း၅)ဟု သတိပေးနှိုးဆော်ထားသည်။

ထို့ကြောင့်၊ အပြိုင်အဆိုင်ဖြစ်နေသော ပြောဆိုသံများ၊ အတွေးအခေါ်များ၊ ဘာသာတရား ထင်မြင်ယူဆချက်များ၊ လိမ့်တက်နေသည့် စိတ်ခံစား ချက်များနှင့် ဘုရားသခင်ကို သိခြင်းနှင့် အလိုတော်ကို သိမြင်နားလည်ခြင်းတို့အတွက် စိန်ခေါ်မှုများ ကြားထဲတွင် ဘုရားသခင်သည် ထိုသို့သော အတားအဆီးဖြစ်စေသည့် မှုန်ဝါးမှုများကို ဖြိုခွင်းလျှက် ကျွန်တော်တို့အတွက် သမ္မာတရားကို အမျိုးမျိုးသော နည်းလမ်းအားဖြင့် ပို့ဆောင်ပေးမည်ကို မျှော်လင့်စောင့်စားသင့်သည်။ ဘုရားသခင်သည် ကျွန်တော်တို့အား အိမ်မက်များအားဖြင့်၎င်း၊ ရူပါရုံများအားဖြင့်၎င်း၊ ကြားနိုင်သည့်အသံဖြင့်၎င်း စကားပြောနိုင်သည်။ သို့သော် များသောအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်တော်တို့ကို ခရစ်တော်ထံသို့ ပို့ဆောင်ပေးရန်၊ အသက်တာ ကြီးထွား ရင့်ကျက်ရာတွင် ကူညီရန်နှင့် ဝိညာဉ်အသက်တာ တစ်လျှောက် လမ်းပြပို့ဆောင်ပေးရန် သန့်ရှင်းသော ဝိညာဉ်တော်သည် နှုတ်ကပတ်တော်အားဖြင့် ကျွန်တော်တို့၏ အသိစိတ်ထဲတွင် သမ္မာတရားကို တိုးညှင်းသော လေသံဖြင့် စကားပြောသည်။

ကျွန်ုပ်တို့သည် ယေျဘုယျ အမှန်တရားနှင့် ထိုအမှန်တရား လက်တွေ့အသုံးချမှုများကို လက်ခံယုံကြည်ပြီး ခိုင်မာသော ယုံကြည်ချက် ချနိုင်စေရန်အတွက် ဝိညာဉ်တော်သည် သမ္မာကျမ်းစာအားဖြင့် စကားပြောရန် မျှော်လင့်ထားသင့်သည်။ ထိုသို့ လက်ခံယုံ

---

[6] ၁ကော ၂း၄-၁၄ ကိုကြည့်ပါ။

ကြည်ခြင်းနှင့် ခိုင်မာသောယုံကြည်ချက် ချမှတ်ခြင်း နှစ်ခုစလုံးသည် အလွန်အရေးပါသည်။ အဘယ်ကြောင့်ဆိုသော်၊ နှုတ်ကပတ်တော် ကျမ်းစာထဲတွင် ခရစ်တော်၏ နောက်လိုက်များနှင့် သင့်လျော်လိုက်ဖက်သော ဓမ္မအတွေးအခေါ်ဆိုင်ရာနှင့် လူမှုကျင့်ဝတ်ပိုင်းဆိုင်ရာ သွန်သင်မှုတို့ကို ပေးထားသည်။ ထိုအရာသည် ယုံကြည်ခြင်းနှင့် တပည့်တော်ဖြစ်ခြင်းတို့အတွက် အသိဉာဏ်ပညာဆိုင်ရာ အခြေအမြစ်ကိုပေးသည်။ တစ်ချိန်တည်းမှာပင် ဝိညာဉ်တော်သည် မကြာခဏဆိုသလိုပင် သမ္မာကျမ်းစာကို အသုံးပြုပြီး ကျွန်တော်တို့၏ အသက် တာတွင် အလွန်အရေးပါသော တိကျသည့် ကိုယ်ရေးကိုယ်တာ အကြောင်းအရာကိစ္စများ တို့ကို တိုက်ရိုက်ပြောဆိုလျှက်ရှိသည်။ တိမောသေသြဝါဒ ဒုတိယစာစောင်တွင် ယုံကြည် သူများ၏ ဝိညာဉ်ရေးရာကို ပုံသွင်းရာတွင် သမ္မာကျမ်းစာသည် မည်မျှ နက်နဲကျယ်ပြန့်ပြီး တန်ဘိုးရှိသည့် အခန်းကဏ္ဍတွင် ရှိနေသည်ကို ကျွန်တော်တို့ ဖတ်ရှုရပါသည်။

ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းအလို့ငှါ ပညာကိုပေးနိုင်သော ဓမ္မကျမ်းစာကို ငယ်သောအရွယ်မှစ၍ လေ့ကျက်သည်ကိုငင်း သိမှတ်သည်နှင့် အထက်က သင်၍ နှလုံးသွင်းမိသော အယူဝါဒ၌ တည်နေလော့။ ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍၊ ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလို့ငှါ ပြင်ဆင်သောသူဖြစ်မည်အကြောင်း၊ သြဝါဒပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်၏ (၂တိ ၃း၁၅-၁၇)။

သမ္မာကျမ်းစာ၏ နက်နဲခြင်းနှင့် ကြွယ်ဝမှုတို့ကို ကြည့်မြင်နိုင်ရန် နည်းလမ်းတစ်ခုတည်း မရှိသကဲ့သို့ သမ္မာကျမ်းစာသည် ဝိညာဉ်ရေးဆိုင်ရာ ရည်ရွယ်ချက် တစ်ခုတည်းအတွက်မဟုတ်ပါ။ သမ္မာကျမ်းစာသင်ကြားခြင်း၊ ဟောပြောခြင်းနှင့် သမ္မာကျမ်းစာကို ဆင်ခြင် နှလုံးသွင်းခြင်းနှင့် ဘုရားရှိခိုးခြင်းဆိုင်ရာ သမ္မာကျမ်းစာဖတ်ရှုခြင်း (*lectio divina*[7] ကဲ့သို့သော) ထိုသို့သော အခြားဝိညာဉ်ရေးဆိုင်ရာ ကျင့်ဆောင်မှုများ၊ အချင်းချင်း တစ်ဦး၏အကျိုးကိုတစ်ဦး ထောက်ရှုခြင်း အားလုံးသည် ရင့်ကျက်လာနေသော ခရစ်ယာန်တို့၏ အကျိုးအတွက်ပင်ဖြစ်သည်။ ဖော်ပြပါ တစ်ခုချင်းစီတိုင်းသည် ဝိညာဉ်တော်၏ အသံတော်ကို ကြားနာနိုင်ရန်အတွက် ကွဲပြားသော နည်းလမ်းများဖြစ်ပြီး တစ်ခုချင်းစီတိုင်းကလည်း ကျွန်တော်တို့ ဝိညာဉ်ရေးရာ ကြီးထွားမှုအတွက် မတူညီသောအရာများကို ပေးကြသည်။

---

[7] နှုတ်ကပတ်တော် ကျမ်းစာကို အသုံးပြု၍ ဆုတောင်းခြင်းနှင့် ပတ်သက်၍ ရရှိနိုင်သော အထောက်အကူပြု အရင်းအမြစ်များကို Smith ၏ *The word is very near you* ကိုကြည့်ပါ။

ဝိညာဉ်တော်သည် နှုတ်ကပတ်တော်ကျမ်းစာကို အသုံးပြု၍ ကျွန်တော်တို့အား စကားပြောခြင်းကို ထပ်မံဖြည့်စွက်၍ ဖော်ပြရမည်ဆိုလျှင် ထိုဝိညာဉ်တော်၏ တိုးညင်းသောစကားသံကို ကျွန်တော်တို့၏ နေ့စဉ်အသက်တာထဲတွင် အားကိုးအားထားပြုကြရမည်။ ဆုတောင်းခြင်း၊ အသက်တာတွင် တွေ့ကြုံနေရသော အခြေအနေများအားဖြင့် ဘုရားသခင်နှင့် နက်ရှိုင်းသော ပေါင်းသင်းဆက်ဆံမှုကို ဖွံ့ဖြိုးတိုးတက်စေပြီး ထိုအခြေအနေတွင် ဝိညာဉ်တော်က နှုတ်ကပတ်တော်ကျမ်းစာမှ သမ္မာတရားတို့ကို အသုံးချရန်အတွက် ကူညီမစပေးသည်။ အသက်တာထဲ၌ ဝိညာဉ်တော်၏စကားသံကို နားထောင်ခြင်းဖြင့် နေ့စဉ်အသက်တာ အခြေအနေအားလုံးတွင် အမြဲတမ်း ကူးလူးဆက်ဆံခြင်းရှိသည့် ဘုရားသခင်နှင့် ရင်းနှီးကျွမ်းဝင်သော ပေါင်းသင်းဆက်ဆံမှုသည် ဘရာသာ လောရင့်စ် ဆိုသူက အကျယ်တစ်ဝင့် အလေ့အကျင့်ပြုခဲ့ရာမှ အစပြုဖြစ်ပေါ်လာခဲ့သည့် "ဘုရားသခင်၏ မျက်မှောက်တော်ကို အလေ့အကျင့် ပြုခြင်း" ဆိုသည့်အရာပင်ဖြစ်သည်[8]။

တဖန် သမ္မာကျမ်းစာဖတ်ရှုခြင်းနှင့် ကျွန်တော်တို့၏ အသက်တာကို ဝိညာဉ်ရေးရာ အလေ့အကျင့်ပြုခြင်းတို့ဖြင့် ပြည့်ဝစေခြင်းသည် တာဝန်ဝတ္တရားအရ သို့မဟုတ် အများရှေ့တွင် ဘုရားတရား ကြည်ညိုဟန်ပြဘို့ရန်တစ်ခုအတွက်ဘဲ လုပ်မည်ဆိုပါက မည်သည့်အကျိုးမျှ ခံစားရရှိမည်မဟုတ်ပါ။ စစ်မှန်ပြီး အသက်တာ ပြုပြင်ခြင်းရှိသော ဘုရားသခင်နှင့် ပေါင်းသင်းဆက်ဆံမှုမျိုးကို ဖွံ့ဖြိုးကြီးထွားစေရန်အတွက် နားထောင်ခြင်းအမှုကိုလည်းပြုကြရပါမည်။

## မိုက်(ခ်)၏ နားထောင်ခြင်းတွင် တွေ့ကြုံခံစားခဲ့ရသောအရာ

ဝိညာဉ်အသက်တာ လမ်းညွှန်အားပေးမှုများသည် ကျွန်ုပ်တို့ ဘုရားသခင်နှင့် တစ်ဦးအပေါ် တစ်ဦးနားထောင်ခြင်းအမှုကို ပိုတိုး၍လုပ်ဆောင်သောအခါ ပြောင်းလဲမှုကိုဖြစ်စေသော ဆုတောင်းခြင်းကို မည်သို့ဖြစ်စေနိုင်သည်ကို သွန်သင်ပေးခဲ့ပါသည်။ ဝိညာဉ်တော်သည် ကျွန်တော်အား ထပ်ခါတစ်လဲလဲ အခြားတစ်ဦးအတွက် အရေးကြီးပြီး တွေ့မြင်ကြားနာရန် လိုအပ်သော လူပုဂ္ဂိုလ်နှင့်ဆိုင်သော အမှန်တရားများကို ဖော်ပြခဲ့ပါသည်။ တစ်ခါတစ်ရံ ထိုသို့သော ဖော်ပြမှုသည် အစွမ်းကြီးသော ရုပ်ပုံကားချပ် ဖြစ်နေသည်။ ကျန်အချိန်များတွင် ပြန်လည်စိတ်ချမှုကိုပေးသော စကားဖြစ်သည။ တစ်ခါတစ်ရံ အသိစိတ်ထဲ နှုတ်ကပတ်တော်မှ အလွန်အဓိပ္ပါယ်ရှိသော ကျမ်းချက် ဝင်ရောက်လာတတ်သည်။

8 Lawrence, *The Practice of the Presence of God.*

သို့မဟုတ် လတ်တ လောအချိန်တွင် အလိုအပ်ဆုံးသော အရာသည် မည်သည့်အရာဖြစ် သည်ကို ရှင်းလင်းစွာ ဖော်ဆောင်လာတတ်သည်။

မိုက်(ခ်)သည် သူ၏ စိုးရိမ်ပူပန်မှုကို လက်လွှတ်ပြီး ဘုရားသခင် ပြောမည့်စကားကို နားထောင်လိုသော အလိုဆန္ဒရှိလာသောအခါ သူသည် မည်သည့်အရာ အတွက်မျှ စိုးရိမ် ကြောက်ရွံ့စရာအကြောင်းမရှိသည်ကို တွေ့မြင်ခဲ့သည်။ တစ်ကယ်တော့ ဝိညာဉ်တော်သည် သူ၌ရှိသော ဆုကျေးဇူးများနှင့် အစွမ်းအစများကို အတည်ပြု သိမြင်စေပြီး သူ့အတွက်ပြင် ဆင် ထားသော အသစ်သော ဦးတည်ချက် လမ်းကြောင်းတွင် သာ၍ရဲရင့်ခြင်းနှင့် ရှေ့ဆက် လျှောက်စေလိုခဲ့ခြင်းဖြစ်သည်။ မိုက်(ခ်)သည် ကျေနပ်မှုမရှိသော လုပ်ငန်းအခြေ အနေမျိုး တွင်ပင်လျှင် ဘုရားရှင်က သူဖြစ်စေလိုသော သူအဖြစ်ခေါ်ထားခြင်းအတွက် တန်ခိုးနှင့် အသစ်သော အရင်းခံအကြောင်းများကို စတင်၍ ရှာဖွေတွေ့ရှိလာနိုင်ခဲ့သည်။ အချိန်တွေ ကုန်ဆုံးသွားခဲ့သည်နှင့်အမျှ မိမိသည် ပြောင်းလဲနေခဲ့ကြောင်းကို သိရှိလာခဲ့ သည်။ ဆွေး နွေးခန်းတစ်ခု မတိုင်မီ "မိမိကိုယ်ကို တွေ့မြင်သည့်အရာနှင့် နေထိုင်မှုတို့တွင် အပြောင်းအလဲ တစ်ခုရှိသွားခဲ့သည်။ ကျွန်တော့်ကိုကျွန်တော် မိမိဖြစ်ချင်သော လူသား တစ်ယောက်အဖြစ် ဆန္ဒပြုခြင်းသာမဟုတ်ဘဲ တကယ်ဖြစ်တည် နေသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ ဥပမာ နံနက်အိပ်ယာထပြီး မိမိကိုယ်ကို ဘုရားသခင်နှင့် အချိန်ယူရန် ဆုတောင်းရန် မဖြစ်ခဲ့လျှင် ထိုနေ့၏ တစ်ခြားအချိန် တစ်ခုခုတွင် ပြန်လည်အစားထိုးရှာယူ တတ်လာ သည်" ဟု ရေးသားခဲ့သည်။

ဆွေးနွေးခန်းတစ်ခုတွင် ကျွန်တော်အတွက် အလွန် အသုံးဝင်သည်ဟု ခံစားရသည့် လမ်းညွှန်ချက်ပေးထားသည့် ဆုတောင်းချက် ပုံစံတစ်ခုကို အသုံးပြုပြီး မိုက်(ခ်)ကို သူ ခံစားနေရသော နာကျင်မှုများ၊ စိတ်ပျက်မှုများနှင့် တောင့်တခြင်းများကို လွှတ်လိုက်ရန် တိုက်တွန်းခဲ့ပါသည်။ ဆုကျေးဇူးပေးထားပြီး ခရစ်တော်ကို အစေခံသော ဘုရား၏သား တစ်ယောက် အနေဖြင့် သူက အတည်ပြုထားသည့် အရာတွင် မိမိကိုယ်ကိုခံယူ အနားယူ ရန် အားပေးခဲ့ပါသည်။ ထို့နောက် များမကြာမီတွင် ကျွန်တော်သည် သူ၏လက်ရှိ အခြေ အနေနှင့် ရှေ့ဆက် လျှောက်လှမ်းရမည့် ခြေလှမ်းအတွက် မည်သည့်အရာ လိုအပ်သည်ကို ဝိညာဉ်တော်အားဖြင့် တွေ့မြင်စေလိုသောအရာအတွက် တောင်းလျှောက် စေခဲ့ပါသည်။

မိုက်(ခ်)အတွက် ဤသို့တောင်းလျှောက်ရန်မှာ အလွန် ထိတ်လန့်စရာဖြစ်သည်။ သို့ သော် သူသည် ကြောက်ရွံ့ခြင်းနှင့် ဘုရားကို ကိုးစားရန်အတွက် ရွေးချယ်ခဲ့သည်။ ဘုရား သခင်၏ မျက်မှောက်တော်တွင် တိတ်ဆိတ်ငြိမ်ဝပ်စွာ တစ်ခဏတာ နေပြီး မျက်စိကို ပြန် ဖွင့်ကြည့်သောအခါတွင် မျက်နှာတစ်ခုလုံးတွင် နွေးထွေးသော အပြုံးများနှင့် ပြည့်နက်နေ ခဲ့သည်။ သူ၏မျက်လုံးများက လင်းလက်သွားသည်။ ကျွန်တော်သည် "မိုက်(ခ်)၊ ဘာ

ကြားခဲ့သလဲ” ဟု သိလိုစိတ်နှင့် မေးလိုက်သည်။ သူက ဆိုင်းတွခြင်းမရှိဘဲ၊ “မျှော်လင့်ခြင်းများနှင့်ပြည့်စုံသည့် ပြန်နှံ့လွှမ်းမိုးခြင်းကို တွေ့ကြုံခံစားခဲ့ရတယ်။ ဘုရားရှင်က “သင့်မှာ တောက်ပတဲ့ အနာဂတ်တစ်ခုရှိတယ် ငါပေးထားတဲ့ ဆုကျေးဇူးကို ငါနှင့် ငါ၏နိုင်ငံတော် အတွက် အသုံးပြုစေချင်တယ်” ဟု ပြောဆိုသံကို ကြားခဲ့ရကြောင်း ပြန်ပြောပြခဲ့ပါသည်။

## နှစ်နှစ်တာကာလကြာပြီးနောက်တွင်. . .

မကြာမီအချိန်ကာလတွင်ဖြစ်သည်။ မိုက်(ခ်)တွေ့ကြုံခံစားခဲ့ရသော အကြောင်းအရာကို အသုံးပြုခွင့် တောင်းထားသည်ကို ပြန်ကြားရင်း သူသည် ဝိညာဉ်တော်၏ လမ်းပြမှုနောက် လိုက်ပြီး အသက်တာ၌ အပြောင်းအလဲ တစ်ခုကို လုပ်ဆောင်ခဲ့ခြင်းသည် သူ့အတွက် အလွန် အကျိုးအမြတ် ကြီးကြောင်း ပြောပြခဲ့ပါသည်။ သူက “လူတွေက မကြာခဏလိုပင် ကျွန်တော်၏ လက်ရှိ အသစ်သောရာထူးနေရာနှင့် အသင်းတော်ကို ကြိုက်နှစ်သက်မှု ရှိမရှိ မေးမြန်းလာကြပါသည်။ များသောအားဖြင့် ထိုသူတို့၏ မေးခွန်းကို ကျွန်ုပ်တို့ပြန် သည်မှာ ကျွန်တော့်အလုပ်ကို စွန့်ချင်စိတ် မဖြစ်စေခဲ့ပါဘူး ဟုဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ထိုမေးခွန်းသည် စိတ်ပျော်ရွှင် ခြင်းထက် စိတ်ချမ်းသာပြည့်စုံမှုကို ရှာဖွေသည့် မေးခွန်းမျိုး ဖြစ်သောကြောင့်ပင်ဖြစ်သည်။ လွန်ခဲ့သော နှစ်နှစ်တာ ကာလသည် ကျွန် တော်အတွက် အခက်ခဲဆုံးသော အချိန်ဖြစ်ပြီး အသက်တာတွင် စိတ်ချမ်းသာပြည့်စုံမှု အရရှိဆုံးသော နှစ်များလည်းဖြစ်သည်။ ကျွန်တော်သည် အကြိမ်ပေါင်းရေတွက်လို့ မရ အောင် ဆွဲဆန့်ထားခြင်းနှင့် ချိုးဖဲ့ခြင်းကို ခံစားခဲ့ရပါ သည်။ သို့သော် ယနေ့ကျွန်တော်၏ အသက်တာသည် ယခင်ကထက် ပို၍အသက်ဝင်လာပြီး လွန်ခဲ့သည့်အချိန်တွင် စိတ်ကူး ထဲတွင်ပင် မရှိခဲ့သည့် နည်းလမ်းဖြင့် ဘုရားကို တွေ့မြင်ခွင့်ရရှိခဲ့ပါသည်။”

## ဝိညာဉ်တော်သည် သင့်အား အဘယ်အရာကို ပြောဆိုနိုင်မည်နည်း

ယုံကြည်ခြင်း ရှုထောင့်မှကြည့်သောအခါ ကျွန်တော်တို့သည် အသံတော်ကို ကြားရသည့် အခါတိုင်း ထိုအသံတော်သည် သမ္မာတရားအသံတော်ဖြစ်သည်။ ထိုအသံတော်ကို သန့် ရှင်း သောဝိညာဉ်တော်ထံမှ ကျွန်တော်တို့ လက်ခံရရှိနိုင်သည်။ ဝိညာဉ်တော်သည် ကျွန်ုပ် တို့အတွက် ဘုရားရှင်က ထားရှိသော ရည်ရွယ်ချက်နှင့် သင့်တော်လျောက်ပတ်သောအရာ တို့ကိုသာ ပြောဆိုမည်ဖြစ်သည်။ ပြောကြားသော သတင်းစကားများသည် များသောအား ဖြင့် နှုတ်ကပတ်တော်အားဖြင့် ထောက်ခံအတည်ပြုခြင်းကိုပေးသည်။ ထိုသို့ထောက်ခံ

အတည်ပြုရာတွင် နှုတ်ကပတ်တော်၏ အတည့်အလင်း သွန်သင်ခြင်းအားဖြင့် သော်လည်းကောင်း သို့မဟုတ် ယေျဘုယျ မူလသဘောတရားများ အားဖြင့်သော်လည်းကောင်း ဖြစ်သည်။ ကျွန်တော်တို့၏ ဝိညာဉ်ရေးရာ အကြံပေးများ၊ ရင့်ကျက်သော မိတ်ဆွေများနှင့် ဘုရားကိုရိုသေကိုင်းရှိုင်းသော ဆွေးနွေးတိုင်ပင်ဖက်များက မိမိတို့ကြားသိရသောအရာသည် အမှန်တကယ် ကိုးစားယုံကြည်သင့်သည့် စကားဟုတ်မဟုတ် အဆုံးအဖြတ်ပြုရာတွင် အကူအညီပေးနိုင်သည်။

များစွာသော ကျွန်တော်တို့အတွက် ဝိညာဉ်တော် မည်သို့ စကားပြောသည်နှင့် ပတ်သက်၍ အရှင်းဆုံးသော သာဓကတစ်ခုမှာ ဘုရားသခင်ထံ ပြန်လာရန် ခေါ်သံကိုကြားရခြင်း သို့မဟုတ် ခံစားရခြင်းပင်ဖြစ်သည်။ ဝိညာဉ်တော်သည် ကျွန်တော်တို့ကို နှိုးဆော်ပေးသည်။ ကျွန်တော်တို့ စိတ်နှလုံးထဲတွင် တမ်းတခြင်းကို ဖန်တီးပေးပြီး ဘုရားသခင်ထံသို့ ဆွဲဆောင်ပေးခြင်းအားဖြင့် ထိုဘုရားနှင့် ပေါင်းသင်းဆက်ဆံမှုကို တည်ဆောက်လိုစိတ်ကို ဖြစ်စေသည်။ အသံတော် သို့မဟုတ် ခေါ်သံသည် အလွန်ပြင်းထန်သောအရာဖြစ်ပြီး တားဆီး၍မရအောင် ထိုခေါ်သံကို နားထောင်လိုစိတ် သို့မဟုတ် တုံ့ပြန်လိုစိတ်ကိုဖြစ်စေသည်။

ဤကဲ့သို့သော အတွေ့အကြုံသည် သခင်ယေရှုကို စတင်လက်ခံယုံကြည်သည့် အချိန်လိုပင် ကျွန်တော်တို့၏ ဝိညာဉ်ရေးအသက်တာ ခရီးအစပြုမှုကို အမှတ်အသားဖြစ်စေသည်။ နှုတ်ကပတ်တော် ဖတ်ရှုခြင်း၊ တရားဟောချက်၊ အခြားသော ခရစ်ယာန်မိတ်ဆွေများထံမှ စကား၊ တစ်ခုခုကို နားလည် သဘောပေါက် သွားသောအချိန် သို့မဟုတ် ကျွန်တော်တို့ ခေါင်းရှိ အသံလေးတစ်ခုတို့အားဖြင့် အတွင်းသဘော ကြည်လင်မှုကို ဖြစ်စေနိုင်သည်။ ကျွန်တော်တို့သည် မိမိတို့၏ လုပ်ဆောင်ခြင်းအားဖြင့် ဘုရားသခင်၏ အသိအမှတ်ပြုမှုကို မည်သို့မျှ မလုပ်ဆောင်နိုင်ကြောင်းကို ပိုမို၍ သိမြင်ယုံကြည်လာသောအခါ ကျွန်တော်တို့၏ အတွင်းထဲတွင် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ကျွန်တော်တို့အတွက် တစ်ခုတည်းသော မျှော်လင့်ချက်အဖြစ် တိုက်တွန်း လှုံ့ဆော်မှုကို ပေးသည်။ သို့မဟုတ် ကျွန်ုပ်တို့သည် မိမိကို ဖန်ဆင်းထားသော ဖန်ဆင်းရှင်ဘုရားနှင့် ပေါင်းသင်းဆက်ဆံလို သောစိတ်နှင့် သူ့ခြေရင်း ရှေ့တော်မှောက်တွင် တားမနိုင်ဆီးမရ ပြတ်ဝပ်လိုစိတ် ကိုဖြစ်စေ သည်။

ကျွန်တော်၏ အဖြစ်အပျက် အကြောင်းကို ပြောရမည်ဆိုလျှင် မိုးရွာနေသော တနင်္ဂနွေနေ့ တစ်နေ့ ညနေပိုင်းတွင် ကျွန်တော်သည် ကျွန်တော်၏ မိဘအိမ်ရှေ့ရှိ အဝင်ဝတွင် ဆေးလိပ်သောက်ရင်း ထိုင်နေခဲ့ပါသည်။ ဘာရယ်မဟုတ်သော်လည်း အကယ်၍ဘုရားရှင်က မိုးတိတ်စေခဲ့မည်ဆိုလျှင် ဘုရားကျောင်းသွားမည်ဟု စိတ်ထဲက ဘုရားရှင်အား

ရေရွတ် ပြောဆိုလိုက်မိသည်။ မည်သည့်အရာ ဖြစ်ပျက်နေသည်ကို မသိရှိခင် လူတစ်ဦးက ကျွန်တော်နားတွင် ကြားနိုင်သည့် အသံဖြင့်လာ၍ စကားပြောသကဲ့သို့ "ကြီးမြတ်သော ဘုရားရှင်ကို အခြေအနေ ကန့်သတ်ချက်များ ပေးသောသင်သည် မည်သူနည်း"ဟု ပြောသောအသံကို ကြားလိုက်ရသည်။ ထိုအချိန်တွင် ကျွန်တော်ထံတွင် သင့်လျော်သော တုံ့ပြန်မှုပြုရန် တစ်ခုသာလျှင် ရှိသည်ကို သိလိုက်ရသည်။ ကျွန်တော်သည် သောက်လက်စ ဆေးလိပ်ကို မြေထဲပစ်ချလိုက်ပြီး မိုးရွာထဲ ဘုရားကျောင်းဘက်ကို လမ်းလျှောက်သွားခဲ့ပြီးနောက် ဘုရားကျောင်းရှိ နောက်ဆုံးတန်းထိုင်ခုံပေါ်တွင် ထိုင်ချလိုက်ရာ တရားဟောမည့်အချိန်နှင့် ကွက်တိသွားကျသည်။ တရားဟော ပြီးဆုံးသည့်အချိန်တွင် သင်းအုပ်ဆရာက မိမိ၏အသက်တာကို ယေရှုခရစ်တော်အား ဆက်ကပ်လိုသောသူများ အတွက်ဖိတ်ခေါ်မှု ပြုသောအခါ ထိုအရာသည် ကျွန်တော်အတွက်ဖြစ်ကြောင်း ယုံမှားသံသယကင်းစွာ သိလိုက်ရသည်။ ကျွန်ုပ်သည် နှလုံးသားနှင့် ဒူးထောက်လျှက် ကျွန်တော့်အသက်တာအတွက် ခရစ်တော်ကို ယုံကြည်ကိုးစားခဲ့ရာ ထိုညတွင်ပင် ဘုရားနှင့်ပေါင်းသင်းတတ်သည့် အသက်တာအသစ်ကို ဖွားမြင်ရရှိခဲ့ပါသည်။

များစွာသော ကျွန်တော်တို့အတွက် ဘုရားသခင်နှင့် ခရစ်တော်ကို ယုံကြည်ပြောင်းလဲလာခြင်းသည် အစပြုခြင်း သို့မဟုတ် ကျွန်တော်တို့၏ ဝိညာဉ်ရေးရာ ခရီးအတွက် အရေးပါသော လှည့်ပြန်လာခြင်း၏ အမှတ်အသားဖြစ်သည်။ ကျွန်တော်တို့ တွေ့ကြုံခံစားရသည့် အတွေ့အကြုံသည် မည်သို့ပင်ဖြစ်ပါစေ၊ ကျွန်တော်တို့သည် ဘုရားရှင်၏ အလိုတော်ကို သိပြီးမိမိ၏အသက်တာကို ဆက်ကပ်ခဲ့သည်ဖြစ်ပါစေ၊ ဘုရားရှင်၏ ခွင့်လွှတ်ခြင်းတရားကို အမှန်တကယ်ပင် တွေ့ကြုံခံစားပြီး လွတ်လပ်ခြင်းကို ခံစားနေပါစေ၊ ယေရှုကို မိမိတို့၏ ကယ်တင်ရှင်အဖြစ် ယုံကြည်ကိုးစားခဲ့သည် ဖြစ်ပါစေ၊ ဘုရားရှင်၏ ချစ်ခြင်းမေတ္တာတော်ကို မိမိအတွက် အမှန်ပင်လျှင် ရယူထွေးဖက်ထားသည် ဖြစ်ပါစေ၊ မြန်ဆန်သော ဝိညာဉ်တော်၏ ပြန့်နှံ့လွှမ်းမိုးသည့် မျက်မှောက်တော်ကို ရယူခံစားခဲ့သည်ဖြစ်ပါစေ၊ သို့တည်းမဟုတ် အခြားအရာ တစ်ခုခုကို ရရှိခံစားပါစေ၊ အမှန်အားဖြင့် ပြောင်းလဲခြင်းအတွေ့အကြုံ တစ်ခုဟု ဆိုသည်မှာ ဘုရားသခင်ကို လက်တွေ့အမှန်တကယ် နားထောင်ခြင်းနှင့် ထိုဘုရားသခင်ကို တုံ့ပြန်မှုပြုသည့် အတွေ့အကြုံကို ကိုယ်တိုင်တွေ့ကြုံခြင်းဖြစ်သည်။ ထိုအချိန်မှစတင်၍ ကျွန်ုပ်တို့သင်ယူရသည့်အရာမှာ ဝိညာဉ်တော်၏ လှုပ်ရှားမှုကို အသက်တာ၏ လမ်းအဖြစ် နားထောင်ခြင်း၊ တုံ့ပြန်ခြင်းပြုရမည်ဖြစ်ပြီး ဘုရားသခင်၏ အသံတော်ကို ကြားရရန် သို့မဟုတ် အနက်အဓိပ္ပါယ် သိရှိအောင် ကြိုးစားနေရသော အချိန်၌ပင်လျှင် ဆက်လက်ပြုလုပ်နေရမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ ဝိညာဉ်တော် အသံတော်ကို နားထောင်ခြင်းနှင့် တုံ့ပြန်ခြင်းအ စွမ်းကို တိုးမြင့်ပေးရန်အတွက် ဘုရားသခင်သည် ကျွန်တော်တို့အား မည်သို့ကြားသိစေ သည်ကို ရှာဖွေခြင်းနှင့် သိမြင်တတ်သောအစွမ်းကို ကြီးထွားစေရမည်။ ဝိညာဉ်တော်သည် နှုတ်က ပတ်တော်ထဲမှ ကျွန်တော်တို့ မှတ်ထားရန် လိုအပ်သော သမ္မာတရားအချို့တို့ကို သ တိပေးနိုင်သည်။ တွေ့ကြုံနေရသည့် အခြေအနေတစ်ခုတွင် မည်သည့်အရာသည် မှန်ကန် သော လုပ်ဆောင်မှု ဖြစ်သည်ကို သိသော အသိအာရုံကိုလည်း ရရှိထားသည်။ ထိုသို့ လုပ် ဆောင်ခြင်းဟု ဆိုရာတွင် ပညာရှိ စကားလုံးတစ်ခွန်း သို့မဟုတ် နှစ်သက်ဘွယ်သော အ ရာ၊ ရက်ရောသောအရာ၊ ကြင်နာခြင်းနှင့် အထောက်အမဖြစ်သော အရာသည် မည် သည့်အရာ ဖြစ်ကြောင်းကို ရိုးရှင်းပြီး သစ်ဆန်းသည့်နည်းဖြင့် ဖော်ပြခြင်းလည်း ဖြစ်နိုင် သည်။

လွန်ခဲ့သည့်နှစ်များတွင် ဘုရားသခင်က သင့်ကိုစကားပြောခြင်းကို မည်သို့တွေ့ကြုံခံ စားခဲ့ရသနည်း။ ယခု သင်သည် ဘုရားရှင်၏ အသံတော်ကို နားထောင်ရန် အတွက် ရုန်း ကန်နေသည့်အချိန်တွင် လွန်ခဲ့သည့်အချိန်က ဘုရားရှင်ထံမှ ရရှိခဲ့သော သတင်းစကားက မည်သို့သော အထောက်အမကို ပေးသနည်း။ ဘုရားသခင်သည် သင့်အတွက်သူ၏ ကြီး မားသော ချစ်ခြင်းမေတ္တာတော်ကို ပြန်လည်စိတ်ချစေလိုသည်လည်း ဖြစ်နိုင်သည်။ ဝိညာဉ် တော်သည် ဘုရားရှင်နှင့် အချိန်များများ ယူပေးဖို့ရန် ခေါ်နေခြင်းလည်း ဖြစ်နိုင်သည်။ သို့မဟုတ် သင့်အချိန်ကို ဆုတောင်းခြင်းနှင့် ဘုရားရှိခိုးခြင်းတို့တွင် ကွဲပြားစွာအသုံးပြုစေ ချင်သည်လည်း ဖြစ်နိုင်သည်။ ဝိညာဉ်တော်သည် သင့်ကို တစ်စုံတစ်ယောက်အား ခွင့် လွှတ်ရန် သို့မဟုတ် သင့်ကိုယ်သင် ခွင့်လွှတ်ရန် ပြောနေခြင်းလည်း ဖြစ်နိုင်သည်။

ဝိညာဉ်တော်က ဘုရားရှင်သင့်ကို လုပ်ဆောင်စေလိုသော အရာတစ်ခုခုကို ဖွင့်ပြ ချင်သည်လည်း ဖြစ်နိုင်သည်။ သင်၏ အသက်တာတွင် ပြောင်းလဲရန် လိုအပ်သော အ ရာ တစ်ခုခုကို ပြောပြကောင်း ပြောပြနေလိမ့်မည်။ အခြား တစ်စုံတစ်ဦး သို့မဟုတ် တစ်စုံ တစ်ရာ အပေါ်ထားရှိသော သင့်စိတ်ဓါတ်ပြောင်းလဲရန် လိုအပ်သည်လည်း ဖြစ်နိုင်သည်။ အထီးကျန်နေသော တစ်စုံတစ်ယောက်ဆီသွား၍ ခရစ်တော်၏ မေတ္တာတော်ကို သွား ရောက်ပြသရန် နှိုးဆော်တို့ထိနေခြင်းလည်း ဖြစ်နိုင်သည်။ ဝိညာဉ်တော်သည် များစွာ သောအရာတို့ကို သင့်အားပြောဆိုနိုင်သည်။ ဤနေရာတွင် အရေးကြီး ဆုံးသော အရာမှာ သင်သည် နားထောင်နေသည် ဆိုသည့်အရာပင်ဖြစ်သည်။

## သင့်လျော်သော တုံ့ပြန်မှုတစ်ခုမှာ အဘယ်နည်း

ဘုရားရှင်သည် ကျွန်တော်တို့ထံမှ အရာအားလုံးတို့ထက် လိုလားသောအရာတစ်ခုမှာ ကျွန်တော်တို့၏ "ဟုတ်ကဲ့" ဟု ထူးခြင်းပင်ဖြစ်သည်။ အာဗြဟံသည် ခါရန်ပြည်ကို စွန့်၍ သူမသိ မရောက်ဖူးသည့် ဘုရားရှင် ဖော်ပြမည့်ပြည်သို့ သွားရန် မိန့်မှာသောအခါ ချက်ချင်းထ၍ သွားလေသည် (ကမ္ဘာ ၁၂း၁-၄)။ ယောသပ်သည် ဘုရားရှင်၏ အလိုတော်နှင့် ပတ်သက်၍ အိမ်မက်နှင့် ရူပါရုံများနှင့် သတိပေးခြင်းခံရသောအခါ ဘုရားရှင်သည် သူဖော်ပြသည့်အတိုင်း ဖြစ်စေမည်ဟု ယုံကြည်၍ သူမြင်မက်သည့်အရာနှင့် ပတ်သက်၍ ရဲဝံ့စွာပြောပြခဲ့သည် (ကမ္ဘာ ၃၇-၄၁)။ သမ္မာကျမ်းစာရှိ သူရဲကောင်းအားလုံးနီးပါး သို့မဟုတ် ယုံကြည်ခြင်းရှိသောသူများအဖြစ် ဥပမာပြု ဖော်ပြခြင်းခံရသောသူတိုင်းတို့သည် တစ်ခုခုကို လုပ်ဆောင်ချက်ရှိခဲ့ကြသည်။ ထိုလုပ်ဆောင်ချက်သည် ကယ်တင်ခြင်းရရှိရန်အတွက် မဟုတ်ဘဲ ဘုရားရှင်၏ ကျေးဇူးတော်နှင့် ခေါ်ထားခြင်းတို့အတွက် လျောက်ပတ်သင့်လျော်သော တုံ့ပြန်မှုပြုခြင်းပင်ဖြစ်သည်။

သမ္မာကျမ်းစာထဲတွင် ဘုရားရှင်၏ ခေါ်ထားခြင်းကို ကနဦးအချိန်တွင် ငြင်းပယ်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် ပြန်လည် နားထောင်ခံယူပြီး သိသာထင်ရှားသော အရာများကို လုပ်ဆောင်ခဲ့ကြသူများလည်း ရှိသည်။ ဥပမာအားဖြင့် မောရှေသည် ထိုသို့သောလူထဲမှ တစ်ဦးဖြစ်သည်။ သူသည် ဣသရေလလူမျိုးများ ကျွန်ခံနေသောဘဝမှ ဘုရားရှင်သည် မိမိကဲ့သို့သောသူကို အသုံးပြု၍ ကယ်လွှတ်နိုင်မည်ဟု မယုံကြည်ခဲ့ချေ။ မောရှေက ဘုရားရှင်အား "အကျွန်ုပ်သည် အဘယ်သောသူ ဖြစ်၍ ဖါရောဘုရင်ထံသို့ ဝင်သဖြင့် ဣသလေရလလူမျိုးသားတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်ရပါမည်နည်း (ထွက် ၃း၁၁)"ဟု ဆို၏။ ဘုရားခိုင်းစေသည့် အလုပ်ကို ရှောင်ရှားလိုသောကြောင့် ဖြစ်ကောင်းဖြစ်လိမ့်မည် သူသည် များစွာသော ဆင်ခြေနှင့် မေးမြန်းမှုများကို ပြုပြီးနောက် သူ၏အားနည်းချက်ဖြစ်သည့် စကားနှေးသောအရာကို ဘုရားရှင်အား ထောက်ပြခဲ့သည် (ထွက် ၄း၁၀)။ နောက်ဆုံးတွင် မောရှေသည် သူ၌များစွာသော မေးခွန်းများ၊ ဆိုင်းတွမှုများနှင့် ကြောက်ရွံ့မှု များရှိခဲ့သော်လည်း ဘုရားရှင်၏ခေါ်ထားခြင်းကို လက်ခံခဲ့ပြီး အားလုံးသိကြပြီးဖြစ်သည့်အတိုင်း ဣသလေရလလူမျိုးတို့ကို အဲဂုတ္တုပြည်မှနှုတ်ဆောင်ကာ ခါနာန်ပြည်သို့ ပို့ဆောင်ခဲ့သည်။

ဓမ္မသစ်ကျမ်းတွင် ယေရှုသည် ခမည်းတော်အား "ဟုတ်ကဲ့" ဆိုခြင်းနှင့် တပည့်တော်များနှင့် တမန်တော်များကလည်း ယေရှုကို "ဟုတ်ကဲ့"ဟု ဆိုထားချက်များကို တွေ့ရှိရပါသည်။ ကနဦး အသင်းတော်တို့သည်လည်း သန့်ရှင်းသော ဝိညာဉ် တော်အား များစွာသော နည်းလမ်းဖြင့် "ဟုတ်ကဲ့"ဟု ဆိုထားသည်ကို တွေ့ရှိရပါသည်။ ဓမ္မဟောင်းခေတ်ကာလလိုပင် ဓမ္မသစ်ကာလ ယုံကြည်သူများသည်လည်း သူတို့၏အသက်တာတွင် ဘုရား

ရှင်၏ ခေါ်ထားမှုကို နားထောင်၍ ပူးပေါင်းဆောင်ရွက်မှုများ၊ နာခံခြင်း၊ အစေခံခြင်းနှင့် ဘုရားရှင်၏ အလိုတော်ကို ပြည့်စုံစေရန် အတွက် မိမိတို့ကိုယ်ကို ဆက်ကပ်ခြင်းများကို ဖော်ပြထားပါသည်။ ထိုသို့ ပေးဆပ်ရာတွင် တစ်ခါတစ်ရံ ကြီးမားသော မိမိကိုယ်ကို ပူဇော်ဆက်ကပ်မှုနှင့် တစ်ခါတစ်ရံ အသေခံခြင်းဖြင့် ပေးဆပ်ခဲ့ကြသည်။ ဥပမာအားဖြင့် မာရိသည် ဘုရားရှင်၏ အလိုတော်ကို အပြည့်အဝ ဆက်ကပ်ခြင်းနှင့် ပတ်သက်၍ အကောင်းဆုံးသော ပုံသက်သေဖြစ်သည်။ သူမသည် ကောင်းကင်တမန်မှ သန့်ရှင်းသော ဝိညာဉ်တော် တန်ခိုးသည် သူမ၏ ကိုယ်ပေါ်တွင် သက်ရောက်ခြင်းအားဖြင့် ဘုရား၏ သားတော်ကို မွေးဖွားရမည် ဟုဆိုသောအခါ “အကျွန်ုပ်သည် ထာဝရဘုရား၏ ကျွန်ဖြစ်ပါ၏ ကိုယ်တော်၏ စကားအတိုင်း အကျွန်ုပ်၌ဖြစ်ပါစေ” ဟုဆိုခဲ့သည် (လုကာ ၁း၃၈)။

ဓမ္မသစ်ကာလတွင် တွေ့မြင်ရသော အသစ်အဆန်းတစ်ခုမှာ ယုံကြည်သူများသည် ဝိညာဉ်တော်နှင့် ပြည့်ဝခြင်း၊ ဝိညာဉ်တော် တန်ခိုးသက်ရောက်ခြင်း၊ ဝိညာဉ်တော်ထံမှ ဆုကျေးဇူးရရှိခြင်းနှင့် ဝိညာဉ်တော်၏ ဦးဆောင်လမ်းပြပြီး ဘုရားရှင်၏ ခေါ်ထားခြင်းကို “ဟုတ်ကဲ့” ထူးစေသော ဝိညာဉ်တော်၏ ကတိတော်တို့ကို ပေးထားသည်[၉]။ ဓမ္မဟောင်း ခေတ် အပါအဝင် ယုံကြည်သူ လူသားတို့၏ အသက်တာတွင် အလုပ်လုပ်ဆောင်နေသော သူသည် ထိုသန့်ရှင်းသော ဝိညာဉ်တော် တစ်ပါးတည်းဖြစ်ပြီး အတူတူပင်ဖြစ်သည်။ သို့ သော်လည်း ပင်တေကုတ္တေနေ့မှ စတင်၍ ယုံကြည်သူများကို ပေးခဲ့သော ဝိညာဉ်တော် သည် သခင်ခရစ်တော်၏ ရွေးကျသောသူတို့ တွေ့ကြုံရသောအရာနှင့် လူသားအားလုံး ထဲတွင်ရှိသည့် ဘုရားထံမှလာသောအသက်နှင့် သီးခြားကွဲလွဲစွာ ဓမ္မသစ်ကျမ်းရေးသူတို့က ဖော်ပြ ထားသည်[၁၀]။ ယခုတွင် ဝိညာဉ်တော်၏ မျက်မှောက်တော်နှင့် လုပ်ဆောင်မှုသည်

---

[9] ဓမ္မဟောင်းတွင် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးသွန်းလောင်းခြင်း၊ တတ်ကျွမ်းမှု ပညာများပေးခြင်း၊ တစ်ဦးချင်းစီကို ပညာပေးခြင်းတို့ကို များစွာတွေ့ရှိရပြီး ယခု ဓမ္မသစ်တွင်မူ သန့်ရှင်းသော ဝိညာဉ်တော်သည် ယုံကြည်သူ တစ်ဦးချင်းတို့၏ အသက်တာတွင် အခြေခံကျသော အရာများဖြစ်သည့် ကယ်တင်ခြင်း၊ ဘုရား သခင်နှင့် ပေါင်းသင်းဆက်ဆံခြင်းနှင့် ခရစ်တော်၏ ကိုယ်ခန္ဓာကိုယ် အစိတ်အပိုင်းအနေဖြင့် အစေခံနိုင်ရန် ဆောင်ရွက်ပေးသည်။ ယုံကြည်သူများ၏ အသက်တာ တွင် ဝိညာဉ်တော်၏ အပိုင်းကဏ္ဍများနှင့် မည်သို့လုပ်ဆောင်သည်ကို ကျမ်းပိုဒ်တစ်ခုချင်း ရှင်းလင်းဖော်ပြချက်နှင့် ပတ်သက်၍ Fee ၏ God’s empowering Presence ကို ကြည့်ပါ။ နောက်ဆက်တွဲများတွင် Fee ကလည်း “The Spirit in the Old Testament”(904-910; cf.Levison, *Inspired* ) ဓမ္မ ဟောင်းကာလရှိ ဝိညာဉ်တော်ကိုလည် ခြုံငုံလေ့ လာချက်ပြုထားပါသည်။ ပညာရပ်အတွက်သော်လည်းကောင်း သာမန်စာဖတ် ပရိတ်သတ်အတွက်သော်လည်းကောင်း စာရေးသား သည့် ပါမောက္ခ Jack Levison သည် မကြာမီနှစ်များတွင် သန့်ရှင်းသော ဝိညာဉ် နှင့် ပတ်သက်သည့် အကျယ်ပြန့်ဆုံး သုတေသနပြုချက် တစ်ခုကို ပြုလုပ်ခဲ့ သည်။ သူ၏ သေချာစွာ အနက်ဖွင့်ရှင်းလင်းပေးထားသည့် ရေးသားချက်သည် ကောင်းသော စိတ်ကူး၊ အစဉ်အလာအတိုင်း နားလည်သဘောပေါက်ခဲ့သည့် အရာ နှင့် မတူ သော ဆန်းကျယ်မှုဖြစ်သည့် သန့်ရှင်းသော ဝိညာဉ်တော်နှင့် လူသားတို့ အသက်ရှင်နေထိုင်မှုကြားရှိ ပေါင်းသင်းဆက်ဆံမှုနှင့်၊ တစ်စုံတစ်ဦး၏ ဘုရားရှင် နှင့် ပေါင်းသင်းဆက်ဆံမှုတို့ကို မီးမောင်းထိုးပြထားသည်။ အတိုချုံးပြောရမည်ဆိုလျှင် Jack Levison က လူသားအားလုံးတို့၏ အသက်တာတွင် ဝိညာဉ်တော် ရှိနေ ခြင်းအ ကြောင်းကို အလေးထားပြောဆိုထားပြီး သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ခရစ်ယာန်တို့ တွေ့ကြုံနေရသော အရာသည် လူသားအားလုံးတို့၌ရှိ သော အရေအတွက်ထက် ပိုများသော အရေအတွက် ဖြစ်ကြောင်း အခိုင်အမာပြောဆိုထားသည်။ (Jack Levison ၏ အမြင်နှင့် ပတ်သက်ပြီး အသေးအစိတ်တို့ ကို အောက်တွင် ဖော်ပြထားသော အရာကို ကြည့်ပါ)။ ဓမ္မဟောင်းနှင့် ဓမ္မသစ်ကြားရှိ ယုံကြည်သူများတို့၏ အသက်တာတွင် သန်ရှင်းသော ဝိညာဉ်တော်၏ ဆက် လက် လုပ်ဆောင်မှု အတွေ့အကြုံများနှင့် သန့်ရှင်းသော ဝိညာဉ်တော်ထံမှ ပညာသည် ကျွန်တော်တို့အတွက် ရရှိနိုင်သောအရာဖြစ်ကြောင်းတို့ကို သင့်လျော် လျောက်ပတ်စွာ အလေးထား ဖော်ပြထားချက်ကို ကျွန်တော် ဂုဏ်ယူချီးမွမ်းမိပါသည်။ သို့သော်လည်း ထိုသို့ ဝိညာဉ်တော်၏ ဆက်လက် လုပ်ဆောင်မှုများကို ပို၍အလေးထားဖော်ပြခြင်းသည် တစ်ခါတစ်ရံ ရှင်ပေါလုက ဆိုထားသည့် သန့်ရှင်းသော ဝိညာဉ်တော်ကို အသက်တာပြောင်းလဲစေသည်အထိ အံ့မခန်းလောက် အောင် လက်ခံရရှိသည့် ယုံကြည်သူများနှင့် မယုံကြည်သူများကြားရှိ သီးသန့်ခွဲခြားထားချက်ကို မေးမှိန်ပပျောက်စေနိုင် ပါသည်။

[10] သခင်ယေရှုက ဝိညာဉ်တော်ကို တောင်းသောသူတိုင်းအား ပေးမည်ဟု (လုကာ ၁၁း၁၃)တွင် မိန့်ဆိုထားသည်။ ဆိုလိုသည်မှာ ဝိညာဉ်တော်သည် သူတို့အထဲ၌ ရှိ သောအရာနှင့် မတူသောအရာဖြစ်သည်။ တမန်တော်ဝတ္ထုတွင် ပေတရုသည် တပါးအမျိုး ယုံကြည်သူများကိုပင်လျှင် ဘုရားသခင်လက်ခံကြောင်း အဘယ် ကြောင့်ဆိုသော် “ထိုသူတို့ကိုလည်း ဝိညာဉ်တော် ပေးသနားတော်မူသောဖြစ်သည်” (တမန် ၁၅း၈)။ ဆိုလိုသည်မှာ ဘုရားသခင်က သူတို့ကို ခန္ဓာကိုယ် အသက် ရှင် နေထိုင်နိုင်ရန်အတွက် ပေးထားသော အသက်အပေါ် ထပ်မံ၍ ထိုဝိညာဉ်တော်ကို ပေးလိုက်ခြင်းဖြစ်သည်။ ဝိညာဉ်တော်သည် ယုံကြည်သူများ ကယ်တင်ခြင်း အတွက် ဘုရားရှင်က ပေးထားသော အာမခံဖြစ်သည် (၂ကော ၁း၂၂၊ ဧဖက် ၁း၁၄)။ ခရစ်တော်၌ ရှိသော ယုံကြည်သူတို့သည် သူတို့၌ ပေးထားသော

ယုံကြည်သူတို့၏ ယုံကြည်ခြင်းနှင့် သစ္စာရှိခြင်းတို့မှ ခွဲခြား၍မရနိုင်ပါ။ ယခုအခါတွင် ဘုရားရှင်ကို "ဟုတ်ကဲ့" ထူးခြင်းသည် တစ်ဦးချင်းစီ၏ အသက်တာထဲတွင် လျှံထွက်နေသော ဘုရားရှင်၏ကျေးဇူးတော် (ဘုရားရှင်၏ ကျေးဇူးတော်အားဖြင့် အထံတော်၌ နှိမ့်ချစွာ ဆက်ကပ်အပ်နှံရသော်လည်း ဘုရားရှင်၏ အလိုတော်ကို လက်မြှောက်အရှုံးပေးသော လုပ်ရပ် တစ်ခုအလားခံစားရခြင်း)နှင့် ဝိညာဉ်တော်၌ လိုလိုလားလား တမင်ရည်ရွယ်ပါဝင်ဆောင်ရွက်ခြင်း (ဘုရားရှင်၏ ကျေးဇူးတော်ကြောင့် တုံ့ပြန်မှုပြုရသည်ကို မိမိအလိုဆန္ဒနှင့် ဇာတိကပတိစိတ်နှင့် မဟုတ်ဘဲ ဝိညာဉ်တော်၏ စိတ်တော်ကို ဗဟိုပြုပြီး ကြိုးစားဆုံးဖြတ်ချက် ချမှတ်ခြင်းကြောင့်အလား ခံစားရခြင်း) ဖြစ်သည်။ ဓမ္မဟောင်းရှိ ယုံကြည်သူတို့သည် ဘုရားရှင်၏ ခွင့်လွှတ်ခြင်းတရား၊ စင်ကြယ်စေခြင်းတရား၊ သစ္စာရှိစွာအသက်ရှင်နေထိုင်ရန်အတွက် တန်ခိုးတော် သွန်းလောင်းခြင်းတို့ကို ခံစားရပြီး ဓမ္မသစ်ရှိ ယုံကြည်သူများကိုမူ ပရောဖက်ယေရမိ၏ ပဋိညာဉ်တရားသစ်နှင့် စပ်ဆိုင်သော ပရောဖက်ပြုချက်နှင့်အညီ သန့်ရှင်းသော ဝိညာဉ်တော်ကိုပေးခဲ့သည် (ယေရမိ ၃၁း၃၁-၃၄)။ ခရစ်တော်ကြွလာခြင်းနှင့် ယုံကြည်သူများအပေါ်တွင် ဝိညာဉ်တော်သွန်းလောင်းခြင်းတို့ကြောင့် ဘုရားရှင်အား အပြင်မှလာသော အားကိုးအား ထားစရာတစ်ခု အနေဖြင့် မမြင်တော့ဘဲ ကျွန်တော်တို့အထဲတွင် အမြဲကိန်းဝပ်၍ ဘုရားရှင်နှင့်ရင်းနှီးကျွမ်းဝင်စေပြီး အမှန်တကယ်အသွင်ပြောင်းလဲခြင်းကိုပေးသည့် မျက်မှောက်တော်အဖြစ် တွေ့မြင်လာသည်[၁၁]။ ထို့ကြောင့် ဘုရားရှင်ကို "ဟုတ်ကဲ့" ထူးခြင်းသည် ဘုရားရှင်၏အလိုတော်ကို ဆက်ကပ် ဝန်ခံ

ဝိညာဉ်ဆုကျေးဇူးကို ဖော်ပြပေးသည့် ဝိညာဉ်တော်ကို "လက်ခံရရှိထား"သည် ( ၁ကော ၂း၁၂)။ ခရစ်တော်၏ နောက်လိုက်များသည် ခရစ်တော်၏ ခန္ဓာကိုယ်ဖြစ်သော အ သင်းတော်ကို တည်ဆောက်ရန်အတွက် "ဝိညာဉ်တော်၏ ထင်ရှားခြင်းအခွင့်" ကိုပေးထားသည် (၁ကော ၁၂း၇)။ ဘုရားရှင်သည် ကျွန်တော်တို့၏ "စိတ်နှလုံးထဲ တွင် အဗ္ဗအဘ ဟုခေါ်တတ်သော သားတော်၏ ဝိညာဉ်တော်ကို စေလွှတ်တော်မူ၏" (ဂလာ ၄း၆)။ ယုံကြည်သူများ ခရစ်ယာန်အတွေ့အကြုံအဖြစ် လက်ခံရရှိ သော ဝိညာဉ်တော်သည် "သားသမီးအရာကို ပေးသော ဝိညာဉ်တော်" ဖြစ်ပြီး (ရော ၈း၁၅) ထိုဝိညာဉ်တော်သည် သူတို့နှင့်အတူ ဆုတောင်းပြီး သူတို့အတွက် ဆု တောင်းပေးသော ဝိညာဉ်တော်ဖြစ်သည်။ တမန်တော် ပေါလုက အရေးကြီးသွန်သင်ထားသည်မှာ ခရစ်တော်ကို ယုံကြည်သောသူတို့သည် ဝိညာဉ်တော် တန်ခိုး အားဖြင့်သာလျှင် အပြစ်၏ တန်ခိုးမှ လွတ်မြောက်စေနိုင်သည် (ရော ၈း၁-၆)။ အဘယ်ကြောင့်ဆိုသော် "ခရစ်တော်၌ ရှိသောသူတို့အတွင်း၌ ဘုရားသခင်၏ ဝိညာဉ်တော် ကိန်းဝပ်သောကြောင့်" ထိုသို့သောအရာကို ဖြစ်စေနိုင်သည်။ ဆိုလိုသည့် သဘောမှာ ဘုရားရှင် (ယေရှု)၏ ဝိညာဉ်တော် မကိန်းဝပ်သောသူများ လည်း ရှိသည် (ရော ၈း၉-၁၁)ဟု ဆိုလိုခြင်းဖြစ်သည်။

[11] ကျမ်းရင်းဆိုင်ရာ ကျမ်းစာနှင့် အခြားသော ရှေးကျသော ဘာသာရေးနှင့် အတွေးခေါ်ပိုင်းဆိုင်ရာ ရေးသားမှုများက ဖော်ပြထားသကဲ့သို့ပင် Levison သည် လူသားတို့၏ ဝိညာဉ်သဘာဝနှင့် ဘုရားသခင်၏ ဝိညာဉ်တို့၏ ဆက်နွယ်မှုကို သေချာစွာ အကျယ်တစ်ဝင့် သုတေသနပြုခဲ့သည်။ သူ၏ သုတေသနပြုချက်တွင် သန့်ရှင်းသော ဝိညာဉ်တော်နှင့် လူသားတို့၏ ဝိညာဉ်(ဘုရားထံမှ လာသော)တို့ ဆက်လက် ဆက်နွယ်မှုရှိနေခြင်းကို ဖော်ပြထားသည်။ သို့သော်လည်း ကျွန်တော်၏ အမြင်အရ တစ်ခု ချန်ထားခဲ့သည်ဟု ဆိုချင်ပါသည်။ ထိုအရာမှာ ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခံ သို့မဟုတ် လူသားတိုင်းတွင် ရှိသောအရာ(ခရစ်တော်နှင့် ယုံကြည်ခြင်းမှလွဲပြီး)နှင့် ခရစ်ယာန်တို့ သန့်ရှင်းသော ဝိညာဉ်တော်ကို ရယူခံစားသည့်အခါတွင် ရှိသောအရာတို့နှင့် ပတ်သက်၍ ကွဲကွဲပြားပြား ဖော်ပြထားခြင်းမရှိဟု မြင်ပါသည်။ ဥပမာ အနေဖြင့် ပြောရလျှင် Levison က သမ္မာကျမ်းစာဆိုင်ရာ ကျမ်းရင်းအားလုံးတို့က "ခရစ်ယာန်မဟုတ်သောသူတို့သည်လည်း ဘုရားရှင်၏ ဝိညာဉ်တော်အား မွေးစကပင် ၎င်းတို့၏ အတွင်းထဲတွင် ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် သန့်ရှင်းမှု တို့၏အရင်းအမြစ်တစ်ခု အဖြစ်တွေ့ကြုံခံစားနိုင်မှုကို အတည်ပြုထားသည်" (Levison, *Inspired,* 66) ဟု ခြေပပြောဆိုထားသည်။ ဤရေးသားမှုသည် တစ်ပိုင်းမှန်သော်လည်း ဓမ္မသစ်ကျမ်းရေးသူများဖြစ်သည့် (ရှင်လုကာနှင့် အထူးသဖြင့် ရှင်ပေါလု)တို့၏ ပြောဆို ရေးသားဟန်၊ သွန်သင်ချက်နှင့် ရည်ရွယ်ချက်တို့နှင့် ကိုက်ညီခြင်းမရှိပါ။ ထိုကျမ်းရေးသူတို့က သာမန်လူသားတို့၏ အတွေ့အကြုံ၊ စွမ်းဆောင်နိုင်မှုနှင့် ခရစ်တော်၌ ယုံကြည်သူများ ဘုရားရှင်ထံမှ သူတို့၌ မရှိသောအရာကို အပ်နှင်းသည့် ဝိညာဉ်တော်ကို "လက်ခံရရှိသော"သူတို့နှင့် ကွဲပြားကြောင်း ရေးသားဖော်ပြထားသည် (ဥပမာ၊ တမန် ၁၀း၄၄-၄၇)။ အခြားသော ဥပမာတစ်ခုမှာ Levison သည် "သန့်ရှင်းသော ဝိညာဉ်တော်" ကိုစာလုံးအကြီးနှင့် ဖော်ပြထားခြင်း မရှိခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်၊ သူ၏အမြင်တွင် ခရစ်ယာန်များက အစဉ်အလာအတိုင်း ခေါ်ဆိုထားသည့် သန့်ရှင်းသော ဝိညာဉ်တော်သည် လူသားတိုင်းတွင် အကျိုးပြုဆောင်ရွက်နေသည့် "ဝိညာဉ်-အသက်"နှင့် အတူတူပင်ဖြစ်သည်ဟု ယူဆထားသည်။ (သမ္မာကျမ်းစာ ရေးသားသူများက ဘုရားရှင်၏ ဝိညာဉ်တော်နှင့် လူသားတို့၏ ဝိညာဉ်ကို ဖော်ပြရာတွင် ဟေဗြဲနှင့် ဂရိစကား *ruach* နှင့် *pneuma* တစ်မျိုးတည်းကိုသာလျှင် အသုံးပြု ဖော်ပြထားသည် [*Inspired,* 162])။ တဖန်၊ သူ၏ရှာဖွေတွေ့ရှိချက်သည် အဓိပ္ပါယ်ရှိသော်လည်း ယေဘုယျ ဖော်ပြချက်ဖြစ်သည့် လူသားတွေထဲတွင် ဘုရားကပေးထားသော ဝိညာဉ်နေသည့်အထဲတွင် ထပ်မံ၍ ဘုရားရှင်၏ ဝိညာဉ်တော်ကို လူသားများအတွက် ပေးလိုက်သည်ကို ပြည့်စုံစွာ ထင်ဟပ်စေခြင်းမရှိခဲ့။ ရှင်ပေါလု၏ စာစောင်တွင်ရှိ *pneuma* ဆိုသော စကားလုံးကို ဘာသာပြန်ဆိုရာတွင် တွေ့ကြုံရသော ရှုပ်ထွေးမှုနှင့် ပြဿနာများအကြောင်း ဆွေးနွေးချက်နှင့် ပတ်သက်၍ Fee ၏ဆွေးနွေးထားချက်ကို ကြည့်ပါ (*God's Enpowering presence,* 14-28)။ တစ်ချိန်တည်းမှာပင် ဘုရားရှင်၏ ဝိညာဉ်တော်နှင့် ဘုရားရှင်က လူသားတို့ကို ပေးထားသော ဝိညာဉ်ကို ကွဲကွဲပြားပြား ဖော်ပြရာတွင် Fee က မှန်ကန်စွာ လေ့လာသုံးသပ်ထားပြီး ယုံကြည်သူများ၏ အသက်တာတွင် ရှင်ပေါလု၏ ဆိုအရ "လူသား၏ ဝိညာဉ် နေရာတွင် ဘုရားရှင်၏ ဝိညာဉ်တော် အားဖြင့် လူသားနှင့် ဘုရားရှင် တို့၏ ဆက်သွယ်မှုပြုသည်" (*God's Enpowering presence,* 25)။

ရန် (ဓမ္မဟောင်းခေတ်၏စံ) တစ်ခုတည်း လိုအပ်ခြင်း မဟုတ်တော့ဘဲ ခရစ်တော်၌ ဘုရားရှင်နှင့် တစ်ဦးချင်း ပေါင်းသင်းဆက်ဆံမှုနှင့် နေ့စဉ်နေ့တိုင်း ဝိညာဉ်တော်၏ ခေါ်ဆောင်ရာကို ပူးပေါင်းလုပ်ဆောင်ခြင်း (ဓမ္မသစ်ခေတ်)တို့လိုအပ်ပါသည်။

သခင်ယေရှုသည် ခမည်းတော်က သူ့အတွက်ထားရှိသော ရည်ရွယ်ချက်ကို အစေခံသောအခါ အလွန်ကြီးမားသော ဝိညာဉ်တော် ဦးဆောင်သည့် "ဟုတ်ကဲ့" ထူးသည့် ကိုးကွယ်ဆက်ကပ်မှု ပုံစံတစ်ခုကို ဖော်ဆောင်ခဲ့သည်။ ထိုအရာမှာ ရက်ရက်စက်စက် လက်ဝါးကပ်တိုင်ပေါ်တွင် ဝေဒနာ ခံစားရခြင်းနှင့် နောက်ဆုံး အသေခံသည့် တိုင်အောင် ရွေးချယ်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မိမိနှင့်ပတ်သက်၍ နားလည် သဘောပေါက်ထားသည်ကို (မာ ၁၀း၄၅)တွင် "အကြောင်းမူကား လူသားသည် သူတပါးကို စေစား ခြင်းငှါမလာ၊ သူတပါးအစေကို ခံခြင်းငှါ၎င်း၊ မိမိအသက်ကို စွန့်၍လူများကို ရွေးခြင်းငှါ၎င်း၊ ကြွလာသတည်း" ဟု မိန့်ဆိုကာ အတိအလင်း ကြေငြာပြောဆိုခဲ့သည်။ သခင်ယေရှုသည် လက်ဝါးကပ် တိုင်ပေါ်တွင် အသေခံတော်မမူမီ နာရီပိုင်းအလို ဂေသာရေမန်အရပ်တွင် "အိုအဘ အလိုတော်ရှိလျှင် ဤခွက်ကို အကျွန်ုပ်မှ လွှဲတော်မူပါ။ သို့သော်လည်း အကျွန်ုပ်အလိုရှိသည်အတိုင်း မဖြစ်ပါစေနှင့်။ ကိုယ်တော်အလိုရှိသည် အတိုင်း ဖြစ်ပါစေသော" (လုကာ ၂၂း၄၂) ဟု မြွက်ဆိုခဲ့သော စကားသည် သူ၏ ဘုရားရှင်အား "ဟုတ်ကဲ့" ထူးခြင်း၏ လေးနက်မှုကို ဆက်လက်ဖော်ပြ သိမြင်စေသည်။ သို့သော် သူ၏ တုံ့ပြန်မှုသည် ဘုရားရှင်ထံ မိမိ၏ အလိုဆန္ဒတစ်ခုတည်း ဆက်ကပ်အပ်နှံခြင်းမဟုတ်ပါ။ သို့သော်၊ သူ၏အသက်တာရှိ ဝိညာဉ်တော်၏ လုပ်ဆောင်မှုကို အရှုံးပေးလက်ခံခြင်းနှင့် အမှီပြုခြင်းဖြစ်သည်။ ရှင်လုကာ၏ ခရစ်ဝင်ကျမ်းတွင် အထူးသဖြင့် ရှင်းရှင်းလင်းလင်း ဖော်ပြထားသည့်အရာတစ်ခုမှာ သခင်ယေရှုကို ကိုယ်ဝန်ဆောင်သည့်အချိန်မှစ၍ သူ၏ ရေနှစ်ခြင်းဂ်လာခံယူခြင်း၊ အံ့ဘွယ် နိမိတ်လက္ခဏာများနှင့် အခြား အမှုတော်ဆောင်လုပ်ငန်း ကဏ္ဍမြောက်များစွာတို့တွင် ဘုရားရှင်အား သခင်ယေရှုက "ဟုတ်ကဲ့" ဟု ထူးခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ခြင်း၊ ဦးဆောင်ခြင်း၊ တန်ခိုးသွန်းလောင်းခြင်းနှင့် ဝိညာဉ်တော်နှင့် ပြည့်ဝစေခြင်းနှင့် ခွဲခြားမရအောင် ထပ်တူထပ်မျှကျသည်[12]။ ထို့ကြောင့် သခင်ယေရှု၏အသက်တာနှင့် ဘုရားရှင်၏ ခေါ်ထားခြင်းအပေါ် တုံ့ပြန်မှုတို့သည် နောက်ပိုင်းတွင် သူ၏နောက်လိုက်များက ဝိညာဉ်တော်ဦးဆောင်သည့် အသက်တာကို ဖက်တွယ်မည့်အရာအတွက် ရှေ့ပြေး နိမိတ်တစ်ခုဖြစ်သည်။

အခြေခံအကျဆုံးသော တောင်းဆိုမှုနှင့် ပတ်သက်၍ သခင်ယေရှုသည် တပည့်တော်တို့ကို သွန်သင်ရာတွင် တပည့်တော်ဆိုသည်မှာ ခေါ်ထားခံရခြင်းကို တုံ့ပြန်သော အ

[12] လုကာ ၁း၃၅၊ ၂း ၂၇၊ ၃း၁၆၊ ၂၂၊ ၄း၁၊ ၁၄-၂၁၊ ၁၀း၂၁ ကိုကြည့်ပါ။

နေဖြင့် မိမိ၏ အရာရာအားလုံးကို ပေးအပ်ခြင်းဖြစ်သည်။ ဤအရာနှင့် ပတ်သက်၍ ရှင်မာကုခရစ် ဝင်ကျမ်းတွင် ဖတ်ရှုရသည်မှာ-

"ထိုအခါ တပည့်တော်တို့နှင့် ပရိတ်သတ်များကို ခေါ်တော်မူပြီးလျှင်၊ အကြင်သူသည် ငါ၌ ဆည်းကပ်ခြင်းငှါ အလိုရှိ၏။ ထိုသူသည် ကိုယ့်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကားတိုင်ကို ထမ်း၍ နောက်သို့လိုက်ရမည်။ အကြင်သူသည် မိမိ၏ အသက်ကိုကယ်ခြင်းငှါအလိုရှိ၏။ ထိုသူသည် အသက်ဆုံးရှုံးလိမ့်မည်။ အကြင်သူသည် ငါ့ကြောင့်၎င်း၊ ဧဝံဂေလိကြောင့်၎င်း အသက်ရှုံး၏။ ထိုသူသည် မိမိအသက်ကိုကယ်ဆယ်လိမ့်မည်" (မာ ၈း၃၄-၃၅)။

ခရစ်ယာန်အစဉ်အလာယုံကြည်ချက်အရ တပည့်တော် (၁၁) ပါး (ယုဒရှကာရုတ် မပါ) ရှိသည့်အနက် (၁၀)ပါးတို့သည် သူတို့၏ ခရစ်တော်ကို သက်ဝင် ယုံကြည်မှုကြောင့် နောက်ဆုံးတွင် အသတ်ခံခဲ့ကြရသည်။

တမန်တော် ပေါလုက ဤကဲ့သို့သော အခြေခံကျသည့် ဆက်ကပ်အပ်နှံသည့် အသက်တာ၌ အသက်ရှင်ပြခဲ့ပြီး ထိုသို့အသက်ရှင်နေထိုင်ရန် အတွက်လည်းသွန်သင်ခဲ့သည်။ သူ့အသက်တာအတွက် ဘုရားရှင်အား "ဟုတ်ကဲ့" ထူးခြင်းသည် ခရစ်တော်၏ သတင်းစကားအလို့ငှါ ခေါ်ထားခြင်းအတွက် မိမိ၏အသက်ကို ယဇ်ပူဇော်သကဲ့သို့ တစ်ပါးအမျိုးသားတို့အတွက် ပေးဆပ်ခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် ထိုအရာသည် ခရစ်တော်၏ အသက်တာနှင့် ဓမ္မသစ်ရှိ ဝိညာဉ်တော် ဦးဆောင်သော အသက်တာတို့အတွက် အလေး ထားပြောဆိုထားခြင်းသည်လည်း အတူတူပင်ဖြစ်သည်။ သူအမြဲတမ်း ဖော်ပြခဲ့သည့်အရာမှာ သူ့အထဲ၌သော်လည်းကောင်း သူ့အားဖြင့်သော်လည်းကောင်း လုပ်ဆောင်နေသော ဘုရားသခင်၏ တန်ခိုးတော်သည် သူ၏အစွမ်းအစ၏ နောက်ကွယ်တွင် အမြဲရှိနေပြီး ထိုတန်ခိုးတော်သည် သူ၏သာသနာ လုပ်ငန်းများကို သယ်ဆောင်ရန်နှင့် မြောက်များစွာသော အသီးကို သီးစေရန်ဖြစ်သည် ဟုဆိုသည်[13]။ သူ၏ကြီးမားသော ဒုက္ခဆင်းရဲဖြစ်သည့် ထောင်ချခံရခြင်း၊ ရိုက်နှက်ခံရခြင်းများ၊ ဆင်းရဲနွမ်းပါးခံရခြင်းတို့ကို ရရှိခံယူလိုစိတ်နှင့် နောက်ပိုင်းတွင် အသေသတ်ခံရခြင်းတို့သည် သူ၏ "ဟုတ်ကဲ့" ထူးခြင်းအသက်တာနှင့် ဘုရားရှင်သည် သူ့အထဲ၌ အကောင်းအတွက် တန်ခိုးကြီးမားစွာဖြင့် လုပ်ဆောင်နေပြီး ထိုအရာများအားလုံးကို ဆုံးခန်းတိုင်အောင် ခံနိုင်ရည်ကို ပေးမည်ဟု ခံယူထားသည့် သူ၏ ယုံကြည်ခြင်းကို ပုံဖော်ပြနေခဲ့သည်[14]။ သူသည် ဘုရားရှင်အတွက် "ဟုတ်ကဲ့" ထူးသောအသက်တာတွင် ရပ်တည်အသက်ရှင်ရန် ကြိုးစား

---

[13] တမန် ၁၃း၄၆-၄၈၊ ၁၅း၁၇၊ ၂၂း၂၁၊ ၂၆း၁၅-၁၉၊ ရော ၁၅း၁၅-၁၉၊ ဂလာ ၁း၁၄-၁၇၊ ၂း၇-၉ တို့ကိုကြည့်ပြီး ၂တိ ၄း၁၇နှင့်လည်း တိုက်ကြည့်ပါ။

[14] ၂ကော ၁း၈-၁၁၊ ၄း၇-၁၁၊ ဖိ ၄း၁၂-၁၃ တို့ကို ကြည့်ပါ။

သည့်နည်းတူ ဖြည်းဖြည်းချင်း သူသည် ဘုရားရှင်၏ လမ်းပြမှုနှင့် ထောက်ပံ့မှုအတွက် အမြဲလိုလိုပင် တောင်းလျှောက်ခဲ့သည်။ သူ၏တုံ့ပြန်မှုသည် ပြောင်းလဲခြင်းမရှိသော တုံ့ပြန်မှုဖြစ်သည်။ ထိုအရာမှာ သူသည် လမ်းခရီးတစ်လျှောက် ဝိညာဉ်တော်၏ လမ်းပြဦးဆောင်မှုကို အမြဲနားထောင်ပြီး ပူးပေါင်း ဆောင်ရွက်မှုကို ပြုလုပ်ခဲ့သည်[၁၅]။

တမန်တော်ပေါလု၏ သွန်သင်မှုတွင် ထပ်ခါတစ်လဲလဲ အလေးအနက် ဖော်ပြသည့်အရာမှာ ဘုရားရှင်၏ ကျေးဇူးတော်ကို လက်ခံရယူထားသော သူတို့သည် မိမိတို့ကို ဝိညာဉ်တော် ဦးဆောင်သည့်အတိုင်း ဘုရားရှင်အား "ဟုတ်ကဲ့" ဟု ထူးသင့်သည်။ ဥပမာအားဖြင့် ဖေါ်ပြရလျှင် မထိုက်တန်သော အပြစ်သားတို့အပေါ် ဘုရားရှင်၏ ကျေးဇူးတော်ကို ဖော်ပြသည့် ရောမအခန်းကြီး (၁၁) နောက်ပိုင်းတွင် တမန်တော် ပေါလုသည် လူ့ကျင့်ဝတ်နှင့်ဆိုင်သော အပိုင်းကို ဖော်ပြရာတွင်၊ "ညီအစ်ကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင် နှစ်သက်တော်မူဘွယ်သော လက္ခဏာနှင့်ပြည့်စုံသောယဇ်ကို သင်တို့ပူဇော်၍ မိမိခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်းတည်း ဟူသော သင်တို့ပြုအပ်သော ဝတ်ကိုပြုမည်အကြောင်း ဘုရားသခင်၏ ဂရုဏာတော်ကို ထောက်ထား၍ သင်တို့ကိုငါ တိုက်တွန်းနှိုးဆော်ပေ၏" (ရော ၁၂း၁) ဟူ၍ အစပြုထားသည်။

ဘုရားရှင်၏ ဝိညာဉ်တော်ကို နားထောင်ခြင်းသည် ဝိညာဉ်တော် ဦးဆောင်သည့် အသက်တာတွင် ပထဦးဆုံးသော ခြေလှမ်းမျှသာဖြစ်သည်။ ကျွန်တော်တို့၏ "ဟုတ်ကဲ့"ဟူသော တုံ့ပြန်ခြင်းသည်သာလျှင် အပြန်အလှန် ပြောဆိုခြင်းနှင့် ကျွန်တော်တို့၏ ဝိညာဉ်ရေးရာ အသက်တာကို ပြန်လည်ရှင်သန်ခြင်းတို့ကို ပြည့်စုံစေသည်။ ဘုရားရှင်၏ ကျေးဇူးတော်သည် ကျွန်တော်တို့၏ "ဟုတ်ကဲ့" ထူးခြင်းထက် အမြဲအရှေ့ကျသည်။ သို့သော်လည်း ရှင်ယာကုပ်က တိတိကျကျ "နှုတ်ကပတ်တော်ကို နာရုံမျှသာပြုသောသူမဟုတ် တရားကို ကျင့်သောသူ ဖြစ်ကြလော့" (ယာ ၁း၂၂) တွင် ဖော်ပြထားသည့်အတိုင်း ကျွန်တော်တို့၏ နားထောင်ခြင်းနှင့် လုပ်ဆောင်ခြင်းတို့သည် အမြဲတမ်း အတူတူလုပ်ဆောင်သည်။ ဝိညာဉ်တော် ဦးဆောင်သော ခရစ်ယာန်တို့အတွက် မှန်ကန်သောအချိန်သည် "ဤ အခြေအနေမျိုးတွင် ကျွန်ုပ်သည် ဝိညာဉ်တော်နှင့် သဘောတူရမလား သို့မဟုတ် ငြင်းဆိုရမလား" ဟူ၍မဟုတ်ဘဲ "ကျွန်ုပ်ကြားရသော အရာကို အကျွန်ုပ် လုပ်ဆောင်မလား" ဟူ၍သာ ဖြစ်သည်။

[15] ဥပမာအားဖြင့် တမန် ၁၃း၁-၄၊ ၁၆း၆-၁၀ တို့ကိုကြည့်ပါ။

ခရစ်တော်၏ နောက်လိုက်များ အနေဖြင့် သန့်ရှင်းသော ဝိညာဉ်တော်သည် မိမိတို့အထဲ၌ အဓိပ္ပါယ်ရှိသော လုပ်ဆောင်ခြင်းနှင့် ဦးဆောင်လမ်းပြမှု အမြဲတမ်းရှိမည်ကို မျှော်လင့်နိုင်သည်။ ကျွန်တော်တို့၏ အလုပ်မှာ ပိုမို၍ ကောင်းမွန်စွာ မည်သို့နားထောင်ရန်နှင့် အလိုက်သင့် တုံ့ပြန်ရမည် ဆိုသည့်အရာကို သင်ယူခြင်းသာလျှင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ၊ အထူးသဖြင့် သန့်ရှင်းသော ဝိညာဉ်တော်သည် မည်သည့်အရာကို ပြောဆိုနေသည် သို့မဟုတ် ဘုရားရှင်သည် ကျွန်ုပ်တို့အားလုံးကို စကားပြောဆိုနေသည်ကို မသေချာသောအချိန်ဖြစ်နေလျှင်ပင် ထိုသို့နားထောင်ခြင်းနှင့် တုံ့ပြန်မှုကို လုပ်ဆောင်ကြရပါမည်။

ဝိညာဉ်တော်၏ ပန်းတိုင်မှာ ကျွန်တော်တို့ထံသို့ သမ္မာတရားကို ယူဆောင်လာပြီး ထိုသမ္မာတရားအားဖြင့် ကျွန်တော်တို့၏ နားလည်သဘောပေါက်မှုကို အမြင်ပွင့်လင်းစေပြီး အမှန်တကယ် အသွင်ပြောင်းလဲကာ ဘုရားရှင်နှင့် နီးစပ်စေရန်ဖြစ်သည်။ ဝိညာဉ်တော်သည် ကျွန်တော်တို့၏ မျက်စိကိုဖွင့်ပေးပြီး ခရစ်တော်နှင့် စပ်ဆိုင်သော သမ္မာတရားကို သိစေသည်။ ခရစ်တော်၏ နောက်တော်သို့ မည်သို့လိုက်လျှောက်ရမည်၊ သမ္မာကျမ်းစာ၌ တွေ့ရှိရသော သမ္မာတရားတို့ကို မိမိတို့၏ နေ့စဉ်အသက်တာ၌ လက်တွေ့အသက်ရှင်ရန်အတွက် ပြည့်စွန်ပေးပြီး ခရစ်တော်နှင့် ပို၍တူအောင် လုပ်ဆောင်ပေးသည်။ သို့မဟုတ် တမန်တော် ပေါလုက ဆိုထားသကဲ့သို့ "တဖြည်းဖြည်းခြင်း (ကျွန်ုပ်တို့အား) သားတော် (ဘုရား၏သားတော်) ၏ သဏ္ဍာန်တော်နှင့် တူစေသည်"[၁၆]။ သမ္မာကျမ်းစာသည် အမြဲလိုပင် ဤအသွင်ပြောင်းလဲစေသော ဖြစ်စဉ်၏ အလယ်ဗဟိုတွင် ရှိနေပြီး ထိုအရာအားဖြင့် ကျွန်တော်တို့သည်ခရစ်တော်၏သဏ္ဍာန်တော်နှင့်အညီ အသွင်ပြောင်းလဲသွားကြရသည်[၁၇]။ သမ္မာကျမ်းစာအတိုင်း ဆက်လက်ဆုတောင်းခြင်း၊ ကျွန်တော်တို့ အမြဲတမ်း ကြားနာနေရသော သတင်းစကားကို နေ့စဉ်အသက်တာတွင် တွေ့ကြုံရသော အခြေအနေများတွင် မည်သို့ လက်တွေ့အသုံးချရမည်ကို နားထောင်ခြင်းဖြင့် ထိုကြားနာရသော သတင်းစကားသည် ကျွန်တော်တို့အထဲ၌ ဖွံ့ဖြိုးကြီးထွားလာသည်။ ကျွန်တော်တို့သည် သမ္မာကျမ်းစာအတိုင်းဆုတောင်းခြင်းအားဖြင့် ဘုရားရှင်နှင့်အဆက်မပျက် တွေ့ကြုံသောအခါ ကျွန်တော်တို့ ပြောင်းလဲသွားကြသည်။

---

16 ရော ၈း၂၈-၂၉၊ ၂ကော ၃း၁၈

17 Mulholland, *Shaped by the Word,* 30. Mulholland ၏စာအုပ်သည် ဝိညာဉ်ရေးရာ ပုံကျစေခြင်းအတွက် သမ္မာကျမ်းစာသည် မည်သို့ အရေးကြီးသော ကဏ္ဍတွင် ပါဝင်ပတ်သက်နေကြောင်းကို ကောင်းမွန်စွာ စီကုံးထားပါသည်။ ဝိညာဉ်ရေးရာ အတွက် သမ္မာကျမ်းစာဖတ်ရှုခြင်း ဘာသာရပ်နှင့် စပ်လျဉ်းပြီး (သမ္မာကျမ်းစာကို ဘုရားအကြောင်းကိုသာ ဖတ်ရှုခြင်းမဟုတ်ဘဲ အသွင်ပြောင်းလဲရန်အတွက် ဖတ်ရှုခြင်းကို ဆိုသည်) Perterson ၏ *Eat This Book* ကိုကြည့်ပါ။

ရိုးရှင်းသည့် နားထောင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း လမ်းစဉ်သည် ကျွန်တော်တို့၏ စိတ်နှလုံးနှင့် အသိစိတ်ထဲမှ ဘုရားရှင်ထံသို့ တိုးဝှေ့ခြင်းဖြစ်ပြီး ဘုရားရှင် ကျွန်တော် တို့အနီးအနား လာသည့်အချိန်ကို သတိရစေရန် ကြိုးပမ်းအားထုတ်ခြင်း ဖြစ်သည်။ ကျွန်တော်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်အား မိမိတို့တွေ့မြင်ရန် လိုအပ်သည့် အရာတို့ကို တွေ့မြင်စေသောသူနှင့် ဘေးပတ်ဝန်းကျင်တွင် မည်သည့်အရာများ ဖြစ်ပျက်နေသည်ကို ကျွန်တော်တို့၏ သိမြင်နားလည်ခြင်းများနှင့် အတွေးစိတ်တို့တွင် အသိပေး လှုံ့ဆော်ပေးသည့် အမြဲတည်သော လုပ်ဖော်ဆောင်ဖက်အဖြစ် ထိုဝိညာဉ်တော်ကို ရှုကြရမည်။ အခြားသောသူများနှင့် အခြေအနေများကို ဘုရားသခင်က ကျွန်တော်တို့နှင့် ၎င်းတို့အတွက် ထားရှိသော ကောင်းသောရည်ရွယ်ချက်နှင့် ကိုက်ညီသည့် လုပ်ဆောင်မှုနှင့် တုံ့ပြန်မှုကို ပေးနိုင်ရန် ကျွန်တော်တို့သည် ဝိညာဉ်တော်၏ တန်ခိုးသွန်းလောင်းမှုအတွက် တောင်းလျှောက်ကြမည်။

တစ်နည်းပြောရလျှင်၊ တစ်ရက်ချင်းစီ ဘုရားရှင်နှင့်နီးကပ်စွာ ပေါင်းသင်းဆက်ဆံမှုပြုခြင်းဖြင့် နားထောင်ခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းသည် ကျွန်တော်တို့၏ အသက်ရှင်မှုအသက်တာ တစ်ခုကဲ့ဖြစ်လာစေသည်။ ဤအရာသည် တမန်တော်ပေါလုက ကျွန်တော်တို့ကို (၁ သက် ၅း၁၇)တွင် “မခြားမလပ် ဆုတောင်း” သင့်သည်ဟု ဆိုခဲ့သော အရာဖြစ်နိုင်ပါသည်။ ထိုသို့ဆိုသော် ကျွန်တော်တို့သည် အမြဲဒူးထောက်လျှက် ဘုရားရှင်အား တောင်းလျှောက်နေခြင်းကို ဆိုလိုသည်မဟုတ်ဘဲ ကျွန်တော်တို့ မည်သည့်အရာကို လုပ်ဆောင်နေပါစေ ဘုရားရှင်၏ ဝိညာဉ်တော်နှင့် အဆက်မပျက် အမြဲ လက်ပွန်းတတီး နေခြင်းနှင့် စကားပြောဆိုခြင်းကိုဆိုလိုသည်။ ဘုရားရှင်ထံမှ တစ်စုံတရာ တောင်းလျှောက်ခြင်း သို့မဟုတ် တစ်စုံတစ်ရာ ပြုရန်တောင်းလျှောက်ခြင်း အသက်တာထက် ကျော်လွန်ပြီး မိမိကိုယ်ကို ဝိညာဉ်တော်အတွက် တံခါးဖွင့်ထားလျှက် စိတ်ပိုင်းဆိုင်ရာနှင့်သော်လည်းကောင်း၊ ခံစားမှုပိုင်းဆိုင်ရာနှင့်သော်လည်းကောင်း ဘုရားရှင်နှင့် နီးကပ်စွာ အသက်ရှင်နေထိုင်ရန် ရှာခြင်းဖြစ်သည်။ ဘုရားရှင်သည် ကျွန်တော်တို့၏ အသိစိတ်ထဲတွင် ပဓာနကျသော လွှမ်းမိုးမှုဖြစ်လာစေခြင်းဖြစ်သည်။ မိမိတို့ပတ်ဝန်း ကျင်တွင် ဖြစ်ပျက်နေသောအရာကို မျက်စိတစ်ဖက် နားတစ်ဖက်နှင့် ကြည့်ရှုညှိယူပြီး ကျန်မျက်စိတစ်ဖက် နားတစ်ဖက်ကို ဘုရားရှင်က ကျွန်ုပ်တို့ကိုညွှန်ပြလိုသောအရာ သို့မဟုတ် ခိုင်းစေမည့်အရာတို့ကို ကြည့်ရှုကြရပါမည်။

နားထောင်ခြင်း၊ ဝိညာဉ်တော်နှင့်အတူ စီးမျှောခြင်းတို့သည် တစ်လှမ်းချင်းလှမ်းရမည့် ဖြစ်စဉ်ဖြစ်ပြီး ထိုအရာတွင် ဘုရားရှင်က နောက်ထပ်ပြုလုပ်မည့်အရာ သို့မဟုတ် တွေ့ကြုံ မည့်အရာအတွက် “ဟုတ်ကဲ့” ထူးခြင်းဖြစ်သည်။ ပုံမှန်အားဖြင့် ထိုသို့ “ဟုတ်ကဲ့”

ထူးပြီး ဝိညာဉ်တော်၏ လမ်းပြညွှန်မှုကို လိုက်လျှောက်ပြီးနောက်မှသာလျှင် နောက်ထပ် ပြောကြားမည့်စကား သို့မဟုတ် နာခံခြင်းတို့အတွက် အဆင်သင့်မည်ဖြစ်သည်။ ကျွန်တော်တို့ဘက်မှ လုပ်ဆောင်ရမည့် အပိုင်းမှာ ဆက်လက်နားထောင်ပြီး "ဟုတ်ကဲ့" ထူးရန် အတွက် အဆင်သင့် ပြင်ဆင်ထားခြင်း ပင်လျှင်ဖြစ်သည်။

နားထောင်ပြီး ပူးပေါင်းလုပ်ဆောင်ပါ။ အခြေအနေတစ်ခုပြီး နောက်တစ်ခုတွင် လည်း ထိုသို့နားထောင်ပြီး ပူးပေါင်းလုပ်ဆောင်ပါ။ ခြေတစ်လှမ်းချင်း လှမ်းခြင်းဖြင့် ဝိညာဉ်တော်ကို "ဟုတ်ကဲ့" ထူးခြင်းသည် ရှည်လျှားသော ကြိုးတစ်ချောင်းဖြစ်လာပြီး ၎င်း သည် ဝိညာဉ်တော် ဦးဆောင်သော အသက်တာဖြစ်လာသည်။

အစပြုရမည့်နေရာသည် ယခုလက်ရှိအချိန်နှင့်အတူဖြစ်ပါသည်။

## ဝိညာဉ်တော်ဦးဆောင်သော နောက်လှမ်းမည့်သင့်ခြေလှမ်းများ

သန့်ရှင်းသော ဝိညာဉ်တော်၏ အသံတော်ကို ကြားနိုင်ရန်အတွက် သင်သည် မိမိကိုယ်မိမိ မည်သည့်အနေအထားတွင် ထားရှိသနည်း။ သင်ကြားရသော အသံတော်ကို တုံ့ပြန်ရန် အတွက် သင်သည်မည်မျှ အဆင်သင့်ပြီနည်း။ ဝိညာဉ်တော် ဦးဆောင်သည့် ခြေလှမ်းများ မှာ လက်ရှိအချိန်တွင် ဝိညာဉ်တော်က တိုက်တွန်း နှိုးဆော်သည့်အရာကို ရိုးရိုးလေး တုံ့ ပြန်မှုပြုခြင်း သာလျှင်ဖြစ်သည်။

လက်တွေ့ကျကျ ပြောရမည်ဆိုလျှင် သင်မြင်ရ ကြားရရန်လိုအပ်သည့် သမ္မာတရား သည် နှုတ်ကပတ်တော် ကျမ်းစာဖတ်ရှုခြင်း၊ တနင်္ဂနွေနေ့ ကြားရသည့် တရားဟောချက်၊ သင်ကောက်ယူ လိုက်သော စာအုပ် သို့မဟုတ် မဂ္ဂဇင်း သို့မဟုတ် သေးငယ်သော လေသံ တို့အားဖြင့်ကြားနိုင်သည်။ ဝိညာဉ်တော်သည် သင်၌ အားပေးမှု၊ ယုံကြည်ခြင်း၊ ဆုံးမပဲ့ပြင် ခြင်း သို့မဟုတ် အခြားသောအရာများကို လိုအပ်သော အချိန်တွင် သမ္မာကျမ်းစာအားဖြင့် သင့်ကို စကားပြောလိမ့်မည်။ သင်၌ရှိသော စိုးရိမ်ကြောင့်ကြစရာများအား ဘုရားရှင်ထံ ဆုတောင်းခြင်းဖြင့် အပ်နှံသောအခါ ဘုရားရှင်က စကားပြောခြင်းကို သင်ခံစားရမည်။ ထိုနောက် ငြိမ်သက်ခြင်းကို ချက်ချင်းပင်လျှင်သင်ခံစားရပြီး သင်စိုးရိမ်ကြောင့်ကြနေသော အခြေအနေများနှင့် ပတ်သက်၍ အမြင်သစ်များ ရရှိခံစားရမည်။ အများအားဖြင့် ဘုရား ရှင်သည် ကျွန်တော်အား ကျွန်တော်၏ ဇနီးအားဖြင့် စကားပြောလေ့ရှိသည်။ ဘုရားရှင် သည် သင့်အိမ်ထောင်ဘက်၊ သင့်သားသမီး၊ မိဘ၊ လုပ်ဖော်ဆောင်ဖက်၊ မိတ်ဆွေ သို့မဟုတ် မည်သူမဆို တစ်စုံတစ်ဦးအားဖြင့် သင်ကြားနာရန် လိုအပ်သော စကားကို

ပြောနိုင်သည်။ ရွေးချယ်မှုများသည် ကုန်ခမ်းနိုင်မည်မဟုတ်ပါ။ သို့သော် မေးမြန်းရမည့် မေးခွန်းမှာ သင်သည် ဘယ်လောက်ကောင်းကောင်း နားထောင်သလဲ ဆိုသည့်အရာပင်ဖြစ်သည်။

အောက်တွင် ရေးသားထားသော မေးခွန်းများနှင့် အကြံပေးချက်များကို ဆင်ခြင်သုံးသပ်ပြီး စာဖြင့်ရေးချပေးပါ။ ဘုရားသခင်နှင့်သင်၏ ပေါင်းသင်းဆက်ဆံခြင်းနှင့် စပ်ဆိုင်သော အတွေးများ၊ မေးခွန်းများ၊ ခွန်အားဖြစ်စေသောအရာများ၊ ဆုတောင်းချက်များအတွက် ရည်ရွယ်ပြီး ဝိညာဉ်ရေးရာ မှတ်တမ်း ဂျာနယ်ထားရှိရန်အတွက် ကျွန်တော်တိုက်တွန်း အားပေးလိုပါသည်[၁၈]။ ဘာဘဲဖြစ်ဖြစ် ဘုရားရှင်၏ အသံတော်ကို ကြားနိုင်ရန်အတွက် သီးသန့်အချိန်နှင့် နေရာဖယ်ထားရှိပါ။ ဘုရားရှင်အား သင်သည် အမှန်တကယ်နားထောင်နိုင်စွမ်းသော သတ္တိကိုပေးရန်နှင့် ဝိညာဉ်တော်က လမ်းပြညွှန်သော အရာကိုမည်သို့ပင်ဖြစ်စေကာမူ "ဟုတ်ကဲ့" ထူးနိုင်ရန်အတွက် လိုအပ်သော ကျေးဇူးတော်ကိုတောင်း လျှောက်လိုက်ပါ။

၁။ ဤအခန်းတွင် သင့်အား တို့ထိသောအရာသည် မည်သည့်အရာဖြစ်သည်ကို မှတ်သားထားပါ။ ဝိညာဉ်တော်သည် ယခုအချိန် သင့်အထဲတွင် မည်သို့သော လှုံ့ဆော်မှုကို ပြုနေသနည်း သို့မဟုတ် ပြောနေသနည်း။ လွန်ခဲ့သည့်အချိန်၊ ရက်အနည်းငယ်ခန့်၊ သို့မဟုတ် ရက်သတ္တပတ်များတွင် ဝိညာဉ်တော်သည် သင့်ထဲတွင် မည်သို့သောလှုံ့ဆော်မှုကို ပြုနေခဲ့သနည်း သို့မဟုတ် ပြောနေခဲ့သ နည်း။
၂။ သင်သည် မည်သို့ တုံ့ပြန်နေသနည်း။ သင်မည်သို့တုံ့ပြန်လိုသနည်း။
၃။ ဝိညာဉ်တော် ဦးဆောင်သည့် မည်သို့သော ခြေလှမ်းကို ဤတစ်ပတ်တွင် ပြုလုပ်မည်နည်း။

[18] မှတ်တမ်းဂျာနယ် အစပြုရေးသားသူများနှင့် အတွေ့အကြုံရှိပြီးသားသူများအတွက် Cepero, *Journaling* ကိုဖတ်ပါ။